မန္တလေး
နေ့စဉ်
The Mandalay Daily
၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။
အတွဲ(၂၇)၊ အမှတ်(၂၉၆)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ ၂၆-၉-၂၀၂၄၊ ကြာသပတေးနေ့ ။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝင့်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

# ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ် အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာမြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်

နေပြည်တော် စက်တင်ဘာ ၂၅

အားကစားကဏ္ဍတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်အား တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

**နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာမည်**

**(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၄ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ ၂၆ ရက်၊ ကြာသပတေးနေ့။

## ရေကြီးနစ်မြုပ်ခဲ့သည့်စပါးခင်းများ ပြန်လည်ကုစားရေးဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများ ပြန်လည်ကုစားရေးအတွက် သွင်းအားစုများထည့်သွင်းရန် ကြိုတင်ပြင်ဆင်မှုသရုပ်ပြခြင်း၊ ရေကြီးနစ်မြုပ်စပါးခင်းများ ပြန်လည်ကုစားရန် ရွက်ဖျန်းအားဆေးပက်ဖျန်းခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ထည့်သွင်းခြင်းလုပ်ငန်းများ လက်တွေ့သရုပ်ပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာလအတွင်း ထူးကဲသည့် မိုးရွာသွန်းခဲ့မှုများကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း တောင်ကျချောင်းရေ၊ မြောင်းရေ၊ ကွင်းရေများပြည့်လျှံပြီး ရေကြီးရေလျှံခြင်း ဖြစ်ပေါ်ခဲ့သဖြင့် မိုးစပါးနှင့် သီးနှံစိုက်ကွင်းများ ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ခဲ့ရကြောင်း၊ ပျက်စီးသွားသည့် စပါးခင်းများအနေဖြင့် ဆည်ရေသောက်ဧရိယာတွင် ပါဝင်ပါက တတ်နိုင်သမျှ စပါးပြန်လည်စိုက်ပျိုးကြရန် တိုက်တွန်းလိုပါကြောင်း၊ တောင်သူများအရန်သင့် ပြန်လည်စိုက်ပျိုးနိုင်ကြစေရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များ၌ စပါးပျိုးထောင်ခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ စပါးပြန်လည်စိုက်ပျိုးလိုခြင်းမရှိသည့် တောင်သူများအနေဖြင့် အခြားသီးနှံများ စိုက်ပျိုးလိုပါက မျိုးလိုအပ်ချက်၊ ထွန်ယက်ရေးလိုအပ်ချက်များကို သက်ဆိုင်ရာစိုက်ပျိုးရေးရုံးများ၊ စက်မှုလယ်ယာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြပါကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများကို ပြန်လည်ကုစားရန် လိုအပ်သည့်နည်းစနစ်များကို တောင်သူများ မျက်မြင်လက်တွေ့ သိရှိသွားကြရန်နှင့် လက်တွေ့ဆောင်ရွက်နိုင်ကြစေရန်ရည်ရွယ်၍ ယနေ့အခမ်းအနားတွင် စုပေါင်းလုပ်ရှားမှုအသွင်ဖြင့် ကွင်းသရုပ်ပြပွဲကျင်းပပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ ပင်လောင်းလမ်းမကြီးဘေး၌ ကျင်းပသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးနစ်မြုပ်၍ ထိခိုက်ခဲ့သော စပါးခင်းများကို ပြန်လည်ကုစားရန် သွင်းအားစုများထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲ၌ ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ရေကြီးနစ်မြုပ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်များမှ တောင်သူများကို ယူရီးယား၊ ပိုတက်နှင့် ကျောက်မှုန့်ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားခြင်းမရှိဘဲ ထိခိုက်ရုံသာ ထိခိုက်ခဲ့သည့် စပါးခင်းများ အထွက်နှုန်းလျော့နည်းမသွားစေရေး အချိန်မီပြန်လည်ကုစားခြင်းလုပ်ငန်းများကို တောင်သူများ စနစ်တကျလိုက်နာဆောင်ရွက်နိုင်စေရန် ကွင်းသရုပ်ပြဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## အောင်မြေသာစံခရိုင် သန်းခေါင်စာရင်းကော်မတီ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းညှိနှိုင်းစည်းဝေး



**မန္တလေး စက်တင်ဘာ ၂၅**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးသန်းထွန်းအောင်နှင့် ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ခရိုင်အတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မဟာ္တရာမြို့နယ်တို့မှ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူးက သန်းခေါင်စာရင်းကောက်ယူမည့် အစီအမံများ၊ အထောက်အကူပြုကော်မတီဖွဲ့စည်းထားမှု၊ ကောက်ကွက်များအလိုက်စာရင်းစစ်၊ စာရင်းကောက်များ သင်တန်းဖွင့်လှစ်သင်ကြားပေးထားမှု၊ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အတွင်းရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ယုက ခရိုင်အတွင်း သန်းခေါင်စာရင်းကောက်ယူရာတွင် လုံခြုံရေးဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာမြို့နယ်များအလိုက် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၉၃)**

## မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) မှ ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်း



**မန္တလေး စက်တင်ဘာ ၂၅**

ရာဂီမုန်တိုင်း၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခံခဲ့ရသည့် ပြည်သူများအား စေတနာရှင် အလှူရှင်များက ကူညီထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိရာ ရေဘေးဒဏ်ခံခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) မှ ကျောက်ဆည်ခရိုင်အတွင်း ရေဘေးသင့်ခံခဲ့ရသည့် နေရာများသို့ ယနေ့တွင် ကိုယ်တိုင်သွားရောက်ကူညီထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**

ထိုသို့ ကူညီထောက်ပံ့ပေးအပ်လှူဒါန်းရာတွင် MRCCI အသင်းဥက္ကဋ္ဌ ဦးဝင်းငွေနှင့် စီမံခန့်ခွဲရေးကော်မတီများ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများ၊ ညီနောင်အသင်းများ၊ ကုမ္ပဏီများမှ လှူဒါန်းခဲ့သည့် အလှူငွေများနှင့် အလှူပစ္စည်းများကို တာဝန်ရှိသူများက ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းခဲ့ကြရာ ကျောက်ဆည်မြို့နယ်အနောက်သာဂရကျေးရွာအနီး မကျည်းတောကျေးရွာမှ အိမ်ထောင်စု ၂၆၄ စု၊ ကျောက်မာဆစ်ကျေးရွာမှ အိမ်ထောင်စု ၁၅၂ စု၊ အုတ်ဖိုစုကျေးရွာမှ အိမ်ထောင်စု ၆၅ စု၊ ရှမ်းသူငယ်ကျေးရွာမှ အိမ်ထောင်စု ၁၈၀ စု၊ အိမ်ထောင်စုတစ်စုလျှင် ကူညီထောက်ပံ့ငွေကျပ် ၃၅၀၀၀ နှင့် ဆိုလာမီးသီး တစ်လုံး၊ စုစုပေါင်းအိမ်ထောင်စု ၆၆၁ စုအတွက် တန်ဖိုးငွေကျပ် ၂၁၇၅၀၀၀၀ ၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေကျပ် ၇ သိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀

## စားသုံးသူ၊ လုပ်ငန်းရှင်နှင့် အသင်းအဖွဲ့များကို Online ပေါ်တွင် အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ အသိပညာပေး

**မန္တလေး စက်တင်ဘာ ၂၅**

စားသုံးသူ၊ လုပ်ငန်းရှင်နှင့် အသင်းအဖွဲ့များအား အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sale)လုပ်ငန်းမှတ်ပုံတင် လျှောက်ထားခြင်းနှင့် ပတ်သက်၍ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လမှ စတင်က မန္တလေးတိုင်းဒေသကြီး အတွင်းမှာ ပြုလုပ်လျက်ရှိပြီး စက်တင်ဘာ ၂၀ ရက်တွင်လည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းပြုလုပ်ခဲ့သည်ဟု မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ဆည်မြို့က စားသုံးသူများအား စနစ်တကျမှတ်ပုံတင်ထားသော Online Shop (အွန်လိုင်းဈေးဆိုင်)များတွင် ဝယ်ယူရန်နှင့် ငွေကြေးဆုံးရှုံးမှုမဖြစ်စေရန် အသိပညာပေးခြင်းများ၊ လုပ်ငန်းရှင်နှင့် အသင်းအဖွဲ့များအတွက် Online Shop များအနေဖြင့် မှတ်ပုံတင်ပြီး ရောင်းချရန်နှင့် Online Shop အား အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ထားသည့်အကြောင်းများကို အသိပညာပေးခြင်းပြုလုပ်လျက်ရှိသည်ဟု မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးထွန်းက ပြောသည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုအဖြစ် သတ်မှတ်ခဲ့ပြီး မှတ်ပုံတင်ရန်လိုအပ်ကြောင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်ခဲ့ရာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့် မှတ်ပုံတင်လျှောက်ထားခြင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် စတင်လျှောက်ထားခွင့်ပြုခဲ့ခြင်းဖြစ်သည်။

Online Shop (အွန်လိုင်းဈေးဆိုင်)ရောင်းချသူများအနေဖြင့် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို (www.ecomreg.gov.mm) တွင် ဝင်ရောက်၍ မှတ်ပုံတင်ခြင်းပြုလုပ်နိုင်ပါသည်။

**(မန္တလေးနေ့စဉ်-၅)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynew-spaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကို ခံယူစဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှု အောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော် ဘောလုံးအကယ်ဒမီ ကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

### ဝင်ရောက်နေရာယူ

ဦးစွာ တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းတို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်ကြသည်။



တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းတို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်ကြစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြမှူးကြီး ဦးဆောင်သောအလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကို ခံယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် ယခုကဲ့သို့ အားကစားပြိုင်ပွဲများကို ကျင်းပနေခြင်းသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင် အားကစားသမားများမှ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ်ကို တက်လှမ်းနိုင်စေရန် ရည်ရွယ်ကျင်းပနေခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်မွေးထုတ်ပေးနေခြင်းလည်းဖြစ်ကြောင်း။

### ကြံ့ခိုင်ဖွံ့ဖြိုးစေ

အားကစားဟူသည်မှာ ခွန်အားနှင့် ဉာဏ်ရည်ကို အသုံးပြုပြီး လှုပ်ရှား ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အားကစားလုပ်ဆောင်ခြင်းကြောင့် လူတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးကို ကြံ့ခိုင်သန်စွမ်းစေရုံမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ ကြံ့ခိုင်ဖွံ့ဖြိုးစေကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုနှုန်း မြင့်မားချိန်ကာလမှအပ နှစ်စဉ်ပုံမှန်ကျင်းပပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုကျင်းပသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မိမိတို့တပ်မတော်သားများ၏ တစ်ဦးချင်းအပြင် အဖွဲ့လိုက်ယှဉ်ပြိုင်ရသည့် အားကစားနည်း(၁၀)မျိုးကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

☆ စာမျက်နှာ ၃ မှ

တပ်မတော် အနေဖြင့် တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့နှင့် တပ်မတော် အားကစားကော်မတီတို့ကို ဖွဲ့စည်းပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အရည်အသွေးမြင့် တပ်မတော်သား အားကစားသမားများ မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နှစ်စဉ်အားကစားပြက္ခဒိန်ကို ရေးဆွဲထားရှိပြီး တိုင်းစစ်ဌာနချုပ်များ အလိုက် သတ်မှတ်ပြိုင်ပွဲများကို ကျင်းပခဲ့သောကြောင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများအတွက် သွေးသစ်လောင်းနိုင်သည့် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်နေခြင်းလည်းဖြစ်ကြောင်း။

### အဆင့်အတန်းပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့

အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာ မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်သောကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်ကို တိုက်ရိုက်သက်ရောက် ဖွံ့ဖြိုးတိုးတက်စေသည့် အဓိကအကြောင်းရင်းခံ တစ်ရပ်လည်းဖြစ်ကြောင်း၊ တပ်မတော်သားအားကစားသမားများသည် နိုင်ငံတကာ အားကစားပြိုင်ပွဲများနှင့် ဒေသတွင်းပြိုင်ပွဲများတွင် အဆင့်အတန်း ပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသည့် အပြင် နိုင်ငံ့ ဂုဏ်ဆောင်နိုင်သည့် ဆုတံဆိပ်အသီးသီး ဆွတ်ခူးရရှိနေကြသည်ကိုလည်း တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာ၌ ကြံ့ခိုင်သန်စွမ်းမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စိတ်ဓာတ်ထက်သန်ပြင်းပြမှုတို့ လိုအပ်ကြောင်း၊ အချင်းချင်း စည်းစည်းလုံးလုံး၊ အပြန်အလှန်နားလည်မှုရှိသည့် အဖွဲ့အစည်းစိတ်ဓာတ်နှင့် စုပေါင်းဖေးကူ ဆောင်ရွက်နိုင်စွမ်း ရှိရန်လည်း မဖြစ်မနေ လိုအပ်ကြောင်း၊ တပ်မတော်သား တပ်ဖွဲ့ဝင် အဆင့်အတန်းတိုင်းသည် နိုင်ငံ့လိုအပ်ချက်အရ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်း အပေါ်ကျရောက်လာသည့် နိုင်ငံ့တာဝန်မှန်သမျှကို အပြည့်အဝဆုံးသောခွန်အား၊ အထက်မြက်ဆုံးသော စွမ်းဆောင်ရည်များဖြင့် ကျေပွန်အောင်မြင်အောင် ထမ်းဆောင်သွားနိုင်ရန်လိုကြောင်း။

ယခု ကျင်းပပြုလုပ်သည့် အားကစား ပြိုင်ပွဲသည်လည်း နိုင်ငံတော်က ချမှတ်ထားသော လူမှုရေး ဦးတည်ချက်တစ်ရပ်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး အတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့်အချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မိမိတို့ တိုင်းစစ်ဌာနချုပ်၏ ဂုဏ်ကိုဆောင်နိုင်သူ အားကစားသမားဖြစ်ရမည်ဟူသည့် ရည်မှန်းချက်ထားယှဉ်ပြိုင်သွားကြရန်၊ ရှိပြီးဖြစ်သည့် ကာယ၊ ဉာဏစွမ်းအားများကို ရေကုန်ရေခန်းထုတ်ဖော်ပြသပြီး တပ်မတော်ဂုဏ်ဆောင် အဆင့်မှ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အဆင့်ထိရောက်အောင် ကြိုးပမ်းသွားကြရန်၊ ကာကွယ်ရေးတာဝန်ကျေပွန်သည့် တပ်မတော်သားကောင်းအဖြစ်သာမက တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမား ကောင်းများဖြစ်အောင် မလျှော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြိုင်ပွဲဝင်အသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုထွက်ခွာကြစဉ်။

### ကြည့်ရှုအားပေး

ထို့နောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု ထွက်ခွာကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲအဖြစ် နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက်ရလဒ်ကောင်း ရရှိနိုင်ရေး အပြန်အလှန် ဖိအားပေးကစားခဲ့ကြသော်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းက အချိတ်အဆက်မိမိ၊ ကစားကွက်မိမိဖြင့် ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူကာ ကစားနိုင်ခဲ့သောကြောင့် ပွဲကစားချိန်မိနစ်အားလုံးပြီးဆုံးချိန်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ကရာတေးဒို ပြိုင်ပွဲ၊ ပြေးခုန်ပစ် (ကျား/မ) ပြိုင်ပွဲ၊ မြန်မာ့သိုင်း (ကျား/မ) ပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘော (ကျား/မ)ပြိုင်ပွဲ၊ ဂျူဒို(ကျား/မ) ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲ ၁၀ မျိုးအား အောက်တိုဘာ ၁၁ ရက်အထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာ မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်သောကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်ကို တိုက်ရိုက်သက်ရောက် ဖွံ့ဖြိုးတိုးတက်စေသည့် အဓိကအကြောင်းရင်းခံတစ်ရပ်လည်းဖြစ်**

☆ **တပ်မတော်သား အားကစားသမားများသည် နိုင်ငံတကာ အားကစားပြိုင်ပွဲများနှင့် ဒေသတွင်း ပြိုင်ပွဲများတွင် အဆင့်အတန်းပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသည့်အပြင် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဆုတံဆိပ်အသီးသီး ဆွတ်ခူးရရှိနေကြသည်ကိုလည်း တွေ့ကြရမည်**



၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်ခရိုင်အတွင်းရှိ မြေယာများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဆောင်ရွက်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦများ ဆောက်လုပ်ပြီး နေထိုင်ခြင်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ မြေယာများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဆောင်ရွက်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦများ ဆောက်လုပ်ပြီး နေထိုင်ခြင်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က စိုက်ပျိုးမွေးမြူရေးမြေများ လျော့နည်းမသွားရေး အလေးထားဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးအတွင်း မြေယာများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဆောင်ရွက်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ အဆောက်အဦများ ဆောက်လုပ်နေထိုင်ခြင်းများမရှိစေရေး၊ မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ လူဦးရေများပြားလာရာ လူနေအိမ်အဆောက်အဦများ တိုးတက်များပြားလာသည်နှင့်အမျှ မြို့အင်္ဂါရပ်နှင့် အညီ စနစ်တကျဖြစ်စေရေး အလေးထားကာ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မန္တလေး-ပြင်ဦးလွင် လမ်းတစ်လျှောက် မြေယာများတွင် ခွင့်ပြုချက်မရှိဘဲ မြေဖို့ခြင်း၊ ခြံခတ်ခြင်း၊ အဆောက်အဦ ဆောက်လုပ်၍ နေထိုင်ခြင်းစသည့် ကျူးလွန်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်၍ စိစစ်ကာ ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။




ငှင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးဝေဇင်ထွန်း၊ တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်းတို့က တိုင်းဒေသကြီးအတွင်း မြေယာများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဆောင်ရွက်နေခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦ ဆောက်လုပ်၍ နေထိုင်ခြင်းတို့အား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း စိစစ်ဆောင်ရွက်နေမှုများ၊ မြို့အင်္ဂါရပ်နှင့် အညီဖြစ်စေရေး၊ လူနေအိမ်များ စနစ်တကျရှိစေရေး ကော်မတီများဖွဲ့၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဇော်ဦးက ပြင်ဦးလွင်ခရိုင်အတွင်း မြေယာများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဆောင်ရွက်ခြင်း ခွင့်ပြုချက်မရှိဘဲ အဆောက်အဦများ ဆောက်လုပ်ပြီး နေထိုင်ခြင်းများအပေါ် စိစစ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြအကြံပြုချက်များအပေါ် ပေါင်းစပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

# မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ပျက်စီးခဲ့သည့် လမ်းတံတားများအား ပြန်လည်ပြင်ဆင်မှုနှင့် အရေးပေါ် ပြင်ဆင်ထိန်းသိမ်းလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းစည်းဝေး



**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးအစည်းအဝေးခန်းမ၌ ယခုစက်တင်ဘာလအတွင်း ရာဂီမုန်တိုင်းနောက်ဆက်တွဲ မိုးသည်းထန်ရေကြီးမှုကြောင့် ရေကြီးရေလျှံ၍ လမ်းတံတားများ ပျက်စီးခဲ့ရမှုအပေါ် ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့မှုနှင့် အရေးပေါ် ပြန်လည် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ဦးတင့်လွင်၊ တံတားဦးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ညောင်ဦးခရိုင်၊ ရမည်းသင်းခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)များ၊ မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာနကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ တံတားအထူးအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ပုဂ္ဂလိက(BOT) ကုမ္ပဏီများဖြစ်သော သော်တာဝင်းကုမ္ပဏီ၊ တောင်ပေါ်ဒေသကုမ္ပဏီ၊ ယုဇနဆောက်လုပ်ရေးကုမ္ပဏီတို့မှ တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးမှ မန္တလေးတိုင်းဒေသကြီးအတွင်း ပျက်စီးခဲ့သည့် လမ်းတံတားများ အမြန်ပြန်လည် လမ်းကောင်း၍ အသုံးပြုနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး အမြန်ဆုံးဆောင်ရွက်ကြရန်နှင့် အဆိုပါလုပ်ငန်းများသည် နိုင်ငံတော်အကြီးအကဲကိုယ်တိုင်မှာကြားထားသည့် လမ်းညွှန်ချက်လည်းဖြစ်ကြောင်း၊ မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် တံတားများ၊ Box Culvert များတည်ဆောက်ပေးရန်၊ ဒေသခံပြည်သူနှင့် ခရီးသွားများ၊ မော်တော်ယာဉ်များနှင့် ပရဟိတအလှူရှင်များ လုံခြုံချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေး လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် BOT ကုမ္ပဏီများမှ စေတနာထားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ခရိုင်လမ်းဦးစီးဌာနနှင့် တံတားအထူးအဖွဲ့(၄)မှ တာဝန်ရှိသူများနှင့် BOT ကုမ္ပဏီများမှ တက်ရောက်လာသည့် ပုဂ္ဂိုလ်များမှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ အခြေအနေများကို တင်ပြခဲ့ကြပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်မှ ရေပြွန်များကို ၂ ပေ အချင်း ကွန်ကရစ်ရေပြွန်မသုံးဘဲအနည်းဆုံး ၃ ပေ ပတ်လည်ကွန်ကရစ်ရေပြွန်များ ဆောက်လုပ်ရန်၊ ရေစီးရေလာကောင်းပြီး ရေလမ်းကြောင်းဖြောင့်အောင်ဆောင်ရွက်ရန်၊ လမ်းတာပေါင်ဘေး ရေထိုးစားသွားခြင်းများအတွက် ရေအရင်း အမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တို့အား ဖြည့်စွက်ဆွေးနွေးညွှန်ကြားခဲ့ပြီး အစည်းအဝေးအား မွန်းလွဲ ၃ နာရီတွင် ရုပ်သိမ်းခဲ့သည်။

(ဝံပုံ)(၀၅၄)

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်း သွေးလှူဒါန်း

**ကျောက်ဆည် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ(၁)ရက်နေ့တွင် ကျရောက်မည့် နှစ်(၆၀)ပြည့်နှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ(၂၅)ရက် နံနက် ၉ နာရီက ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

စုပေါင်း သွေးလှူဒါန်းရာတွင် ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေဦးဦးဆောင်ပြီး ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်ကြီးကြပ်မှုအောက်ရှိ မြို့နယ်များမှ တပ်ဖွဲ့ဝင်များ စုပေါင်းပြီး အရာရှိ(၄)ဦး၊ အခြားအဆင့်(၁၀)ဦးနှင့် အမှတ်(၈၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ အခြားအဆင့်(၁)ဦး စုစုပေါင်း(၁၅)ဦးတို့မှ စုပေါင်းသွေးလှူဒါန်းခဲ့ရာ သွေးလှူရှင်များ အားအင်ပြန်လည်ပြည့်ဖြိုးရေး ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့ရုံးတို့မှ နို့အေး၊ ၄က်ပျောသီး၊ ကြက်ဥပြုတ်၊ ကြက်ဥစိမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၈၅)

# ကမ္ဘာမှ တစ်လနီးပါးခန့် မြင်တွေ့ရမည့် ဒုတိယမြောက် 'လ'

ကမ္ဘာဂြိုဟ်မှာ အရွယ်အစားကြီးမားတဲ့ အရံဂြိုဟ်အဖြစ် 'လ'တစ်စင်းရှိပြီး ကမ္ဘာရဲ့ ၆ ပုံ ၁ ပုံခန့် ရှိပါတယ်။ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၉ ရက်ကနေ နိုဝင်ဘာ ၂၅ ရက်ထိ နောက်ထပ် 'လ'တစ်စင်း မြင်တွေ့ရမှာဖြစ်ကြောင်း နိုင်ငံတကာသတင်းများမှာ ဖော်ပြကြတယ်။ ဖြစ်စဉ်အရ ဂြိုဟ်သိမ်၊ ဂြိုဟ်မွှားငယ်တစ်ခုက ကမ္ဘာဂြိုဟ်ကို လှည့်ပတ်လာတဲ့အခါ ဒုတိယမြောက် 'လ' အဖြစ် မြင်တွေ့ရမှာပါ။ အဆိုပါ ဂြိုဟ်သိမ်ဂြိုဟ်မွှားငယ်ကို ဩဂုတ်လအတွင်းက ရှာဖွေတွေ့ရှိခဲ့ပြီး ကမ္ဘာကို နှစ်လ နီးပါးခန့်ကြာအောင် လှည့်ပတ်နေတဲ့ မြင်းခွာပုံသဏ္ဍာန် မြင်တွေ့ရမယ်လို့ ဆိုပါတယ်။

လူသားတွေ နေထိုင်တဲ့ ကမ္ဘာဂြိုဟ်မှာ အရံဂြိုဟ်လို့ခေါ်တဲ့လတစ်စင်းသာရှိပြီး ကမ္ဘာစတင်ဖြစ်တည်ခဲ့တဲ့ လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံကတည်းက ယနေ့တိုင်ရှိနေတာပါ။ သိပ္ပံပညာရှင်များရဲ့ လေ့လာသုံးသပ်ချက်အရ 'လ'ဟာ ကမ္ဘာဖြစ်တည်ပြီး နှစ်သန်းပေါင်း ၁၀၀ ဝန်းကျင်က ကမ္ဘာနဲ့ဂြိုဟ်သိမ်တစ်ခုတို့ ဝင်တိုက်မိခဲ့ရာက လွင့်စင်သွားတဲ့ အစိတ်အပိုင်းတွေ စုစည်းဖြစ်ပေါ်လာတယ်လို့ ယူဆကြပါတယ်။

နေကို ဗဟိုပြုပြီး လှည့်ပတ်နေတဲ့ ကမ္ဘာဂြိုဟ်မှာ လူသားတွေ နေထိုင်ကြတယ်။ နေအဖွဲ့အစည်းထဲမှာ ကမ္ဘာဂြိုဟ်အပါအဝင် ကျောက်ဆိုင်၊ ကျောက်သားတွေနဲ့ ဖွဲ့စည်းထားတဲ့ မာကျူရီ (ဗုဒ္ဓဟူးဂြိုဟ်)၊ ဗီးနပ်စ်(သောကြာဂြိုဟ်)နဲ့ မားစ်(အင်္ဂါဂြိုဟ်)တို့ကို အတွင်းဂြိုဟ်များ(Inner Planets)လို့ ခေါ်ဆိုပြီး ဓာတ်ငွေ့ဂြိုဟ်ဖြစ်တဲ့ ဂျူပီတာ(ကြာသပတေးဂြိုဟ်)၊ စေတန်(စနေဂြိုဟ်) ယူရေးနပ်စ်နဲ့ နက်ပကျွန်းဂြိုဟ် စသည်တို့ကို အပြင် ဂြိုဟ်များ(Oueter Planets) လို့ ခေါ်ပါတယ်။ အတွင်းဂြိုဟ်နဲ့ အပြင်ဂြိုဟ်တွေကို ပိုင်းခြားထားတာက ဂြိုဟ်သိမ်ဂြိုဟ်မွှားတွေ သန်းနဲ့ချီ ပြည့်နှက်နေတဲ့ ခါးပတ်ကွင်း( Asteroid Belt)ဆိုတဲ့ နေဖွဲ့စည်းပုံ ဖြစ်ပါတယ်။ ကမ္ဘာအပါအဝင် အတွင်းဂြိုဟ်များက ခါးပတ်ကွင်းမှ



လွင့်စင်လာတဲ့ ဂြိုဟ်ပဲ့၊ ဂြိုဟ်မွှားများဒဏ်ကို အလူးအလဲခံခဲ့ကြရတယ်။ အရွယ်အစားမတူတဲ့ ဂြိုဟ်ပဲ့များက တစ်ခါတစ်ရံမှာ ကမ္ဘာအနီးကနေ ဖြတ်သန်းသွားပြီး တစ်ခါတစ်ရံ ကမ္ဘာ(သို့မဟုတ်) 'လ' ပေါ်သို့လည်း ကျရောက်တတ်တယ်။

**တစ်ချိန်က ကမ္ဘာပေါ်မှာ ကြီးစိုးခဲ့တဲ့ ဒိုင်နိုဆောများ မျိုးသုဉ်းသည်ထိ ပြင်းထန်ခဲ့တဲ့ ဥက္ကာခဲကလည်း ခါးပတ်ကွင်းနေရာအနီးက ရောက်ရှိလာတာပါ။ တစ်ခါတစ်ရံ အရွယ်အစားသေးငယ်တဲ့ ဂြိုဟ်ပဲ့လေးများက ခါးပတ်းကွင်းကနေ လွင့်စင်ပြီး ကမ္ဘာ့ဆွဲငင်အားရှိတဲ့ နေရာအနီးမှာ အချိန်အနည်းငယ်မှ အချိန်ကြာမြင့်စွာရှိနေတတ်သလို နေရှိရာဘက်(သို့မဟုတ်) ဂြိုဟ်ခါးပတ်ကွင်းဘက်ကို ပြန်လည်လွင့်စင်သွားတာမျိုးရှိပါတယ်။ နည်းပညာတိုးတက်မြင့်မားလာတဲ့အလျောက် ဂြိုဟ်မွှားလေးတွေ နီးကပ်လာတာကို တယ်လီစကုတ်များနဲ့ မြင်တွေ့ကြရပြီး Minimoon ('လ'ငယ်လေးများ) လို့ သတ်မှတ်ခေါ်ဆိုကြပေမယ့် တကယ့် 'လ' အစစ်မဟုတ်ပါဘူး။**

ကမ္ဘာ့ပတ်လမ်းထဲမှာ ရောက်ရှိနေတဲ့ အရွယ်အစားသေးငယ်တဲ့ ဂြိုဟ်ပဲ့လိုမျိုး နီးကပ်လာခြင်းကို ကမ္ဘာကြီးက အချိန်ပေါင်းများစွာ ကြုံတွေ့ခဲ့ရပြီးဖြစ်သလို နောင်အနာဂတ်မှာလည်း ကြုံတွေ့ရနိုင်တယ်။ ကမ္ဘာကို ဝင်တိုက်နိုင်ချေရှိတဲ့ ဂြိုဟ်သိမ် ဂြိုဟ်ပဲ့များကို သိပ္ပံပညာရှင်များက လေ့လာစူးစမ်းမှုများပြုလုပ်ရာမှ ယနေ့နည်းပညာတိုးတက်တဲ့ခေတ်မှာ လမ်းကြောင်းပြောင်းစေခြင်းနှင့် ချေဖျက်ခြင်းများ ပြုလုပ်နိုင်နေပါပြီ။

**ရာသီဥတု အပြောင်းအလဲ**

ကမ္ဘာကြီးက $23\frac{1}{2}$ ဒီဂရီတိမ်းစောင်းပြီး နေအဖွဲ့အစည်းအတွင်းမှာ ဘဲဥပုံလမ်းကြောင်းနဲ့ လည်ပတ်နေတာကြောင့် ရာသီဥတုတွေကလည်း နွေ၊ မိုး၊ ဆောင်းရယ်လို့ ပြောင်းလဲနေပါတယ်။ ကမ္ဘာကြီးကို အီကွေတာမျဉ်းနဲ့ ပိုင်းခြားထားပြီး မြန်မာနိုင်ငံပါဝင်တဲ့ မြောက်ကမ္ဘာခြမ်းနဲ့ နောက်တစ်ဖက်က တောင်ကမ္ဘာခြမ်း ဖြစ်လာတယ်။

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၂ ရက် မြန်မာစံတော်ချိန် ည ၇ နာရီ ၁၂ မိနစ်မှာ ကမ္ဘာ့အီကွေတာမျဉ်းပေါ်ကို နေရောင်ခြည်တည့်မတ်စွာ ကျရောက်ပြီး ကမ္ဘာ့ရာသီဥတုလည်း ပြောင်းလဲသွားပါတယ်။ မြန်မာနိုင်ငံတည်ရှိတဲ့ ကမ္ဘာ့မြောက်ခြမ်း (အီကွေတာမြောက်ဘက်)နဲ့ ကမ္ဘာတောင်ဘက်ခြမ်း(အီကွေတာ တောင်ဘက်) ရာသီဥတုက ဆန့်ကျင်ဘက်ပါ။ စက်တင်ဘာ ၂၂ ရက်မှာ မြောက်ကမ္ဘာခြမ်းအတွက် ဆောင်းဥတုစတင်တဲ့နေ့ (ဆောင်းဦးပေါက်ရောက်ချိန်)ဖြစ်ပြီး တောင်ကမ္ဘာခြမ်းမှာ နွေရာသီရဲ့အစ ပထမရက်(နွေဦးပေါက်ရောက်ချိန်)ပါ။ ဒီအချိန်အခါကို မြောက်ကမ္ဘာခြမ်းအတွက် September Equinox (ဆောင်းကူး နေ့ ၊ ည ညီချိန်)လို့ ခေါ်ပါတယ်။

နေစကြဝဠာအတွင်းမှာ ကြယ်ကြွေခြင်း၊ ဥက္ကာခဲများ လွင့်မျောခြင်း၊ နေကြပ်ခြင်း၊ လကြပ်ခြင်း စသည်ဖြင့် ဖြစ်စဉ်များစွာရှိနေပါတယ်။ကမ္ဘာဂြိုဟ်ရဲ့ အရံမူလရှိတဲ့'လ' အပြင်၂၀၂၄ခုနှစ် စက်တင်ဘာ ၂၉ ရက်ကစပြီး နိုဝင်ဘာ ၂၅ ရက်ထိ 'လ'အစစ်မဟုတ်သော'လ'တစ်စင်းကို မြင်တွေ့ရမှာဖြစ်တဲ့အတွက် ထူးခြားဖြစ်စဉ်တစ်ခုကို ကြုံတွေ့ရမှာ ဖြစ်ပါတယ်။

**ကိုးကား - သန့်ဦး (အာကာသနှင့် စကြဝဠာသင်ထောက်ကူ)**

**ခိုင်ဆက်ဝေ**

# လျှပ်စစ်ကို လိုသလောက်သာသုံး တရားမဝင်မသုံးနဲ့

**၂၄-၉-၂၀၂၄ စာမျက်နှာ-၁၀ မှအဆက်**

အဆိုပါပုဒ်မ(၅၃)အား ချိုးဖောက်ကြောင်း သက်သေထင်ရှားလျှင် လျှပ်စစ်ဥပဒေပုဒ်မ(၆၃) အရ အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်အပြင်ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ဖော်ပြထားရာ အဆိုပါ ဥပဒေပုဒ်မများသည် မည်မျှကြီးလေး ပြင်းထန်ကြောင်း ထင်ရှားလှပြီး မီးသုံးသူ ပြည်သူများအနေဖြင့် အသနားခံနေရုံဖြင့် ကင်းလွတ်ခွင့်ရရှိနိုင်ရန်မလွယ်ကူကြောင်း သိသာ ထင်ရှားလှသည်။ မီးဆိုသည်မှာ ပူမှန်းသိပါလျက် ပူမည်မထင်၍ ကိုင်မိလျှင် ကိုင်မိသူသာ အပူဒဏ်ခံစားရပါလိမ့်မည်။ ဥပဒေဆိုသည်မှာလည်း အလားတူပင်ဖြစ်ကာ မသိလို့၊ နားမလည်လို့ပါ ထုချေနေရုံဖြင့် အပြစ်မှလွတ်မည်မဟုတ်ပါသဖြင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများဆောင်ရွက်ပါက ထောင်နန်းစံရနိုင်မည်ကိုလည်း နားလည်သဘောပေါက်ကြရန် အထူးပင်လိုအပ်နေပြီဖြစ်သည်။

မီတာခနှုန်းမတိုးမီကပင် ကုန်ဈေးနှုန်းများ တိုးနေသည်ကို ပြည်သူများ တွေ့ကြုံခဲ့ပြီးဖြစ်သဖြင့် ကုန်ဈေးနှုန်းများ တက်နေခြင်းသည် မီတာခတက်ခြင်းနှင့် လုံးဝမသက်ဆိုင်သည်မှာ ထင်ရှားပါသည်။ မီဒီယာအချို့တွင် စွပ်စွဲဖော်ပြနေကြသလို အဆနှင့်တိုးမြှင့်ခဲ့ခြင်းလည်းမဟုတ်ဘဲ လျှပ်စစ်ဓာတ်အား အနည်းငယ်သာ အသုံးပြုနိုင်သော အခြေခံလူတန်းစားများအတွက် အနည်းငယ်သာ တိုးမြှင့်ထားခြင်းဖြစ်ပြီး များများသုံးစွဲလိုသောသူများအနေဖြင့်လည်း နိုင်ငံတော်မှ ထုတ်လုပ်စရိတ်ကာမိစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ဓာတ်အားနည်းနည်းသုံးပါက ဓာတ်အားခသက်သာပြီး များများသုံးပါက နိုင်ငံတော်မှ ထုတ်လုပ်စရိတ်ပိုမိုကာမိစေသောစနစ်ဖြစ်ကြောင်းကို ဓာတ်အားခနှုန်းထားသစ်များအား သေချာစွာလေ့လာကြည့်ရှုပါက သိမြင်နိုင်ကြပါလိမ့်မည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစရိတ်မှာ ကမ္ဘာအနှံ့အပြားတွင် အနည်းဆုံး ငွေကျပ် ၃၀၀ မှ ၄၀၀ခန့်ရှိနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် တစ်ယူနစ်လျှင် ငွေကျပ် ၅၀သာ ရယူထားခြင်းဖြစ်ပါသည်။ လျှပ်စစ်သုံးစွဲမှုပမာဏများလာခြင်း၊ ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်း၊ ပြည့်ဖြိုးမြဲစွမ်းအင် (Renawable energy) ပြောင်းလဲသုံးစွဲရန်ကြိုးစားခြင်း၊ အစိုးရ၏ ငွေကြေးစိုက်ထုတ်နေရမှုများကို လျှော့ချလိုခြင်း၊ လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ဈေးတက်ခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာတွင်လည်း လျှပ်စစ်မီတာခများ တိုးမြှင့်လေ့ရှိပါသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ၂၀၂၃ ခုနှစ်က တစ်ယူနစ်ကို ၃ ဒသမ ၃၈ ဘတ်မှ ၂၀၂၄ ခုနှစ်တွင် တစ်ယူနစ် ၄ ဒသမ ၁၈ ဘတ်ထိ တိုးမြှင့်ခဲ့ပါသည်။ အလားတူ ဗီယက်နမ်နိုင်ငံတွင်လည်း တစ်နှစ်အတွင်း မီတာခကို ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပါသည်။

မြန်မာအပါအဝင် အိမ်နီးချင်းနိုင်ငံများတွင် ဓာတ်အားခဈေးနှုန်းများ မြင့်တက်လာရခြင်း၏ အဓိက အကြောင်းအရင်းတစ်ခုမှာ ရုပ်ကြွင်းလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို လျှော့ချပြီး ဈေးနှုန်းကြီးမြင့်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပိုမိုထုတ်လုပ်လာရခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်၍ အိမ်နီးချင်းနိုင်ငံများတွင် အဆိုပါအခြေအနေများကို သိမြင်ကြ၍ ဓာတ်အားခတက်ခြင်းအပေါ် ပြည်သူများအနေဖြင့် ဝေဖန်ခြင်းမျိုးမရှိသည်ကိုလည်း တွေ့ရှိရပါသည်။

တစ်ဖက်တွင်လည်း မီတာခတိုးမြှင့်ကြောင်း ကြေညာလိုက် စဉ်တွင်ပင် ပြည်သူများဘက်မှ မီတာခတော့တိုးပြီး လျှပ်စစ်ကိုတော့ အပြည့်မပေးကြောင်း ဝေဖန်မှုများ မြင့်တက်လာပါသည်။ နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားကို အလုံအလောက် မထုတ်လုပ်နိုင်သေးသဖြင့် အလှည့်ကျပေးနေရခြင်းဖြစ်ပြီး လျှပ်စစ်မီတာခ တိုးမြှင့်လိုသဖြင့် လျှပ်စစ်လုံလောက်လျက်သားနှင့် အလှည့်ကျပေး နေခြင်းမျိုးမဟုတ်သဖြင့် မီတာခတိုးတိုးချင်း မီးအပြည့်အဝပေးရန်မှာ မဖြစ်နိုင်သေးပါ။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသည့် စက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများသည် ယခုချက်ချင်းဆောက်၊ ယခုချက်ချင်းမပြီးစီးနိုင်ပါ။ မဟာဓာတ်အားလိုင်းတိုင်ကြီးတစ်ခုအား ဖြိုဖျက်ရန် မိနစ်ပိုင်းသာလိုသော်လည်း ပြန်လည်တည်ဆောက်ရန် အချိန်များစွာ လိုအပ်ပါသည်။အချို့သော စက်ပစ္စည်းကိရိယာများသည် ပြည်ပမှ ဝယ်ယူရသဖြင့် ထိုက်သင့်သည့်အချိန် လိုအပ်ပါသည်။ မန်းမှုတ်လိုက်ရုံဖြင့် ဘွားကနဲ ပေါ်လာခြင်းမျိုးမဟုတ်သဖြင့် မီတာခတိုးလိုက်ရုံဖြင့် ချက်ချင်း လျှပ်စစ်အပြည့်ရနိုင်မည်တော့မဟုတ်ပါ။လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် အပြည့်အဝပေးနိုင်ရေးအတွက် တစ်စိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသဖြင့် မဝေးတော့သည့်ကာလတွင် ပို၍ပို၍ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်လာမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နိုင်ငံတော်မှ ဓာတ်အားခတိုးမြှင့်ရခြင်းအကြောင်းရင်းသည် ငွေကြေးမတတ်နိုင်သည့် မိသားစုတွင် လျှပ်စစ်ယူနစ်ကို နည်းနည်းပဲသုံးကြသဖြင့် နိုင်ငံတော်ဖက်က စိုက်ထုတ်ရတာနည်းသော်လည်း လျှပ်စစ်အသုံးအဆောင်များစွာဖြင့် လျှပ်စစ်ယူနစ်အများကြီး သုံးစွဲမှုအပေါ် နိုင်ငံတော်ဖက်မှ အများကြီးစိုက်ထုတ်ရသဖြင့် စိုက်ထုတ်ရသက်သာစေရန်ရည်ရွယ် ဆောင်ရွက်လိုက်ခြင်းသာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဓာတ်အားခတိုးမြှင့်ခြင်းအပေါ် အဆိုးမြင်ဝါဒီသမားများ၏ အဆိုးမြင်ဝေဖန်ချက်များကို ဂရုမပြုကြဘဲ လျှပ်စစ်ကို ပိုမိုရရှိစေရန်အတွက် လျှပ်စစ်ဓာတ်အားကို မလိုအပ်ချိန်တွင် အသုံးမပြုခြင်း၊ တရားမဝင် ဓာတ်အားခိုးယူသုံးစွဲခြင်းများကို ရှောင်ကြဉ်ခြင်းဖြင့် ပြည်သူများဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အနူးအညွတ်မေတ္တာရပ်ခံရေးသားတင်ပြလိုက်ရပါသည်။

**မောင်မောင်စွယ်စုံထွန်း**

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ



## Stary Kids's မှ Hyunjin ကို Cartier အတွက် သံတမန်ခန့်အပ်ခံရ

K Pop မျိုးဆက်သစ် Stary Kids's အဖွဲ့ဝင် Hyunjin ကို Cartier ၏ သံတမန်ခန့်အပ်ခံရပြီး E Squire Korea ၏ အောက်တိုဘာလထုတ် မဂ္ဂဇင်းမျက်နှာဖုံးရှင်အဖြစ် မြင်တွေ့ကြရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အတွက် သံတမန်အသစ် ရွေးချယ်ခန့်အပ်ခံရပြီးနောက် E Squire Korea မှ အောက်တိုဘာလထုတ် မျက်နှာဖုံးရှင်အဖြစ် Hyunjin ပါဝင်မည်ဟု သတင်းဖော်ပြထားသည်။

Hyunjin ၏ ထူးခြားသောစတိုင်လ်၊ ပြိုင်ဘက်ကင်းသည့် ဆွဲဆောင်မှုနှင့် အရှိန်အဝါတောက်ပမှုများကို ၂၀၂၄ခုနှစ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် ဖော်ပြထားသည်။

ယင်းသို့ Cartier နှင့်ပူးပေါင်းလုပ်ဆောင်ခြင်းကို ကမ္ဘာလုံးဆိုင်ရာ ဖက်ရှင်အိုင်ကွန်တစ်ဦးအဖြစ် ကျော်ကြားလာမှုတို့ကို ဆွေးနွေးထားသည့် အင်တာဗျူးအပါအဝင် စာမျက်နှာ ၁၈မျက်နှာနှင့် ထည့်သွင်းဖော်ပြထားသည်။ **(SKY)**

## Clint Eastwood ၏ နောက်ဆုံးရုပ်ရှင် Juror 2 ထွက်ရှိလာ

ဟောလိဝုဒ်ဝါရင့်အနုပညာရှင် သရုပ်ဆောင်၊ ဒါရိုက်တာ ကလင့်အိစ့်ဒ်သည် Juror 2 ကို တာဝန်ယူ ရိုက်ကူးနေပြီး ရုပ်ရှင်လောကမှ အနားယူတော့မည်ဖြစ်သည်ဟု ဟောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို အောက်တိုဘာလတွင် ကျင်းပမည့် AFI ရုပ်ရှင်ပွဲတော်တွင် အကြိုပြသမည်ဖြစ်ပြီး နိုဝင်ဘာလတစ်ရက်နေ့တွင် ယူကေနှင့် အိုင်ယာလန်နိုင်ငံတွင် သာမက အမေရိကန်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်သည်။

ကလင့်အိစ့်ဒ် ဒါရိုက်တာအဖြစ် တာဝန်ယူထားပြီး ရမ်ဖီးနှင့် နီကိုလပ်စ်ဟောင်တို့ အဓိက ပါဝင်ထားကာ ဓာတ်ပို့ဓာတ်ရုံများစွာနှင့် ဖန်တီးထားသော ရုပ်ရှင်ဖြစ်ကာ သူ၏ နောက်ဆုံးထွက်ရှိလာသည့် ရုပ်ရှင်ဖြစ်ပြီး အနုပညာလောကမှ အနားယူတော့မည်ဖြစ်သည်။ **(SKY)**





## အိပ်စက်ခြင်းပြဿနာနှင့် အာရုံကြောခနစ်များအကြား ဆက်နွှယ်နေပုံကို အမေရိကန်သုတေသီများ တွေ့ရှိ

လူတို့သည် နေ့ခင်းဖက်တွင် သွားလာလှုပ်ရှားကြပြီး ညဖက်တွင် အိပ်စက်လေ့ရှိကြသည်။ ညရောက်လျှင် အိပ်ချင်စိတ်ပေါ်လာစမြဲဖြစ်သော်လည်း အိပ်ပျော်ရန်ခက်ခဲသူများလည်းရှိသည်။

စိတ်ဖိစီးမှုအပါအဝင် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များကြောင့် အိပ်စက်ခြင်းပြဿနာ ကြုံတွေ့ရတတ်သည်ဟု စိတ်ပညာရှင်များနှင့် အိပ်စက်ခြင်းသုတေသီအများစုက ထင်မြင်ယူဆကြသည်။

ထိုအိပ်စက်ခြင်းပြဿနာကို ကုစားနိုင်ရန် အမေရိကန်ပြည်ထောင်စု မက်ကီးလ်တက္ကသိုလ်မှ စိတ်ကုပညာပါမောက္ခ ဂါဘရီယယ်လာဂေါ့ဘီ ဦးဆောင်သော သုတေသီများ မကြာသေးမီက သုတေသနပြု လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အိပ်စက်ခြင်းပြဿနာနှင့် အာရုံကြောစနစ်များအကြား ဆက်နွှယ်နေပုံကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Andrew Koji ကို James Bond(007) သရုပ်ဆောင်ဖြစ်လာ



နာမည်ကျော်သရုပ်ဆောင် ဂျိမ်းစ်ဘွန်းဇာတ်ရုပ်နှင့် ဒယ်နရယ်ခရိတ်ကို No Time To Die အပြီး အခြားသရုပ်ဆောင်တစ်ဦး ရှာဖွေခဲ့ရာမှ ဗြိတိန်အနုပညာရှင် အင်ဒရူးကိုဂျီကို ရွေးချယ်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အင်ဒရူးကိုဂျီက ဗီဒီယိုတစ်ခုကို မျှဝေထားရာ ဂျိမ်းစ်ဘွန်းဝတ်စုံ Tuxedo အမျိုးအစားအတွက် စမ်းသပ်ဝတ်ဆင်ပြသထားပြီး၊ ဂျိမ်းစ်ဘွန်းပြောသော စကားများကို ပြောကြားထားပြီး အသက် ၃၇နှစ်နှင့် ကိုယ်ခံပညာကျွမ်းကျင်သည့် အင်ဒရူးကိုဂျီက တင်ပြထားသည်။

ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်ကို ၂၀၂၇ ခုနှစ်မှာ စတင်ရိုက်ကူးမည်ဖြစ်ပြီး အသက် ၃၀ ခန့်မှန်းထားကာ ဆယ်နှစ်စာချုပ်ချုပ်ဆိုရမည်ဖြစ်သည်ဟု ထုတ်လုပ်သူများက ပြောကြားထားသည်။ **(SKY)**

## Sabrina Carpenter က အချစ်ဦးအကြောင်း ပြောကြား

ဟောလိဝုဒ်နာမည်ကျော် အဆိုတော် ဆာဘရီနာကာပန်တာက အင်တာဗျူးတစ်ခုတွင် သူ၏ အချစ်ဦးအကြောင်း ထုတ်ဖော်ပြောကြားသွားသည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါအင်တာဗျူးတွင် ဆာဘရီနာကာပန်တာကို လူတိုင်းတွင်ရှိခဲ့သည့်အချစ်ဦးနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ ငယ်စဉ်က ဆယ်ကျော်သက်အရွယ်တွင် တစ်အိမ်ကျော်မှ အစ်ကိုကြီးကို ကြိတ်သဘောကျခဲ့ပြီး ကျောင်းဆင်းကပွဲတွင် King ရရှိခဲ့သူဖြစ်သည်ဟု ဆိုသည်။



ထပ်ဆင့်၍ တေလာဆွစ်၏ You Belong with Me ဂီတဗီဒီယိုကို ကြည့်မိတိုင်း ထိုထဲကကဲ့သို့ တစ်အိမ်ကျော်မှ အစ်ကိုကြီး ပြန်ကြိုက်ရန် စိတ်ကူးယဉ်ခဲ့သော်လည်း သူကြိုက်နေသည်ကိုသိမသွားဘဲ သူ့ကိုမသိသူဖြစ်ခဲ့သည်ဟု ပြောကြားထားသည်။

လက်ရှိနာမည်ကျော် အဆိုတော်ဖြစ်နေ၍ အင်တာဗျူးမြင်ပြီး လာရောက်ဆက်သွယ်လျှင်လည်း အပြင်တွင်တွေ့၍ အဆင်ပြေလျှင် လက်ခံမည်ဟု ထပ်မံပြောကြားသွားသည်။ **(SKY)**

## Hong Yao နှင့် Wu Jin Yan တို့ လက်ထပ်ပွဲ ကျင်းပ

၂၀၂၄ ခုနှစ်တွင် မင်းသမီး ဝူကျင်ယန်နှင့် ချစ်သူ ဟွမ်ယောင်တို့ လက်ထပ်ပွဲကျင်းပခဲ့ကြောင်း ပရိသတ်ကို ဝေမျှအသိပေးခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝူကျင်ယန်နှင့် ဟွမ်ယောင်တို့ အတူတွဲ၍ Story of Yanxi Palace, The Legend of Hao Lan တို့တွင် ပါဝင်သရုပ်ဆောင်ထားကြပြီး နှစ်ဦးစလုံးမှာ Huan Yu အင်တာတိန်းမင့်နှင့် စာချုပ်ထားကြသည်မှာ ခုနစ်နှစ်ရှိပြီဖြစ်သည်။

ချစ်သူသက်တမ်းကို ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြပြီးနောက် ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထားရာမှ လက်ထပ်မင်္ဂလာပွဲကျင်းပခဲ့ကြခြင်းဖြစ်ကာ ပရိသတ်ကို အသိပေးမျှဝေပေးထားကြသည်။ **(SKY)**



## Yang Mi ကို နတ်ဘုရားမီဟု တရုတ်အနုပညာလောကမှ သတ်မှတ်ထားကြ

တရုတ်အနုပညာလောကတွင် နှစ်ပေါင်း နှစ်ဆယ်ကျော် ထိပ်တန်းမင်းသမီးအဖြစ် ကြာရှည်စွာ ထိန်းသိမ်းထားနိုင်သည့် ယောင်းမီကို နတ်ဘုရားမီ ဟု သတ်မှတ်ထားကြကြောင်း ဝိန်းဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယောင်းမီသည် ရုပ်ရှင်၊ ရုပ်သံ၊ ဂီတ၊ကြော်ငြာနှင့် ဖက်ရှင်ပိုင်းတွင် ပြိုင်ဘက်ကင်းအနုပညာရှင် တစ်ဦးဖြစ်ခဲ့ကာ၊ နှစ်ပေါင်း နှစ်ဆယ်ကျော်အနုပညာသက်တမ်းတွင် ဓာတ်ပို့ရော၊ အဓိကအနေနှင့်ပါ ဓာတ်ကားပေါင်း လေးဆယ်ကျော် ရိုက်ကူးထားပြီး အနုပညာအရည်အသွေးမြင့်မားသူတစ်ဦးအဖြစ် မြင်ကြရသည်။

တရုတ်ပြည်သူလူထုက Rating Queen ဟု တင်စားထားကြကာ အွန်လိုင်းကြည့်ရှုနှုန်းလည်း များပြားခဲ့ပြီး ဓာတ်လမ်းတွဲနှင့် ရုပ်ရှင်ကိုမျှတအောင် ရိုက်ကူးထားရာ ရုပ်ရှင်ကားပေါင်း သုံးဆယ်ကျော် ရုံတင်ခဲ့ပြီး ရုံဝင်ငွေ ယွမ်သန်းတစ်ရာရရှိခဲ့သည့် ကားများဖြစ်ခဲ့သည်။

ယောင်းမီသည် ၂၀၀၈ မှစ၍ အနုပညာထူးချွန်ဆုများစွာရရှိထားပြီး အဖက်ဖက်မှ ပြီးပြည့်စုံသည့် မင်းသမီးဖြစ်၍ Goddess Mi ဟု သတ်မှတ်ခဲ့ကြရာ အသက် (၃၈)နှစ်ပြည့်သွားပြီဖြစ်သည်။ **(SKY)**



## အမတ် ၂၂၅ ဦးဖြင့် ဖွဲ့စည်းထားသည့်ပါလီမန်ကို သမ္မတ အနုရကုမာရဒိသနာယကေ ဖျက်သိမ်း



**ကိုလံဘို စက်တင်ဘာ ၂၅**

အမတ် ၂၂၅ ဦးဖြင့် ဖွဲ့စည်းထားသည့် ပါလီမန်ကို သီရိလင်္ကာသမ္မတ အနုရကုမာရ ဒိသနာယကေက စက်တင်ဘာ ၂၄ ရက်တွင် ဖျက်သိမ်းလိုက်ပြီးဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပါလီမန်အသစ်ကို ဖွဲ့စည်းစေလိုသဖြင့် လာမည့်နိုဝင်ဘာ ၁၄ ရက်တွင် အထွေထွေရွေးကောက်ပွဲကျင်းပကာ သက်ဆိုင်ရာမဲဆန္ဒရှင်များကို ကိုယ်စားပြုသော အမတ်များ ပေါ်ထွက်လာစေမည်ဟု ၎င်းကရှင်းပြသည်။

သမ္မတ အနုရကုမာရ ဒိသနာယကေက ၎င်း၏နိုင်ငံရေး မဟာမိတ် အမျိုးသမီးတစ်ဦး ဖြစ်သော ဟာရီနီ အမရာသူရိယကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပြီးနောက် အစိုးရအဖွဲ့ကို ဆက်လက်ဖွဲ့စည်းရန် စီစဉ်ထားသည်။

အစိုးရစနစ်ကောင်းအောင်၊ အဂတိကင်းအောင် ဆောင်ရွက်သွားမည်ဟု ၎င်းဘက်မှ ရွေးကောက်ပွဲကတိပေးထားသော်လည်း ဦးစွာရင်ဆိုင်ရမည့် စိန်ခေါ်မှုမှာ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ကြွေးမြီကိစ္စ ညှိနှိုင်းရေးပင်ဖြစ်သည်။

၂၀၁၉ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ထောက်ခံမဲ ၃ ရာခိုင်နှုန်းသာရခဲ့သော အနုရကုမာရဒိသနာယကေ သမ္မတအဖြစ် အာဏာရလာခဲ့သည်မှာ ၎င်း၏နိုင်ငံရေးဘဝအတွက် ဆန်းကြယ်သောအပြောင်းအလဲဖြစ်သည်ဟု ဝေဖန်ထောက်ပြလျက်ရှိကြောင်း သိရသည်။ **Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တော်တွင် ကျင်းပပြီးစီးသွားသည့် ၂၀၂၄ ခုနှစ် စစ်တုရင်အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ဆုရရှိခဲ့သော အိန္ဒိယစစ်တုရင်အသင်းသားများ အောင်ပွဲခံနေကြစဉ်။ **Mon**

## အနောက်အုပ်စုနှင့်တိုးမြှင့်ဆက်ဆံရန် အသင့်ရှိသည်ဟု အီရန်သမ္မတ ပေဇက်ရှကီယန် ကုလသမဂ္ဂ၌ ပြောကြား



**ဝါရှင်တန် စက်တင်ဘာ ၂၅**

အနောက်အုပ်စုနှင့်တိုးမြှင့်ဆက်ဆံရန် အီရန်နိုင်ငံဘက်မှ အသင့်ရှိသည်ဟု အီရန်သမ္မတ မာဆွတ်ပေဇက်ရှကီယန်က ကုလသမဂ္ဂ၌ စက်တင်ဘာ ၂၄ ရက်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်တွင်ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၌ ၎င်းအမှာစကားပြောကြားစဉ် ယင်းကဲ့သို့ ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

အီရန်နျူကလီးယားအရေးနှင့်ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများမှ အပြုသဘောဆောင်သော သဘောထားအမြင် ပေါ်ထွက်လာစေလိုသည်ဟု ၎င်းက ထည့်သွင်းပြောကြားသည်။

အမေရိကန်ပိတ်ဆို့အရေးယူမှုများကြောင့် အီရန်ဘက်မှ နစ်နာခဲ့ရပုံ ၂၀၂၀ ပြည့်နှစ်က အမေရိကန်ဒရုန်းတိုက်ခိုက်မှုကြောင့် ဗိုလ်ချုပ် ကွက်ဆင်မ်ဆူလေမာနီကျဆုံးကာ တိုင်းပြည်အတွက် ဆုံးရှုံးခဲ့ရပုံများကိုလည်း အမေရိကန်နိုင်ငံသားများ သိစေလိုကြောင်း သမ္မတ မာဆွတ်ပေဇက်ရှကီယန်က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

## ရှားပါး တစ္ဆေငါးမန်း မျိုးစိတ်သစ်တစ်မျိုးကို နယူးဇီလန်နိုင်ငံ ပင်လယ်ရေပိုင်နက်ထဲမှ တွေ့ရှိ



**ဝယ်လင်တန် စက်တင်ဘာ ၂၅**

ရှားပါး တစ္ဆေငါးမန်းမျိုးစိတ်သစ်တစ်မျိုးကို နယူးဇီလန်နိုင်ငံ ပင်လယ်ရေပိုင်နက်ထဲမှ မကြာသေးမီက တွေ့ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တစ္ဆေငါးမန်းများသည် ပင်လယ်သမုဒ္ဒရာရေမျက်နှာပြင်အောက် ၁ မိုင်ခွဲကျော် ရေနက်ပိုင်းတွင် ရှင်သန်ကျက်စားလေ့ရှိကြသည်။

အသွင်ထူးခြားသော အဆိုပါရှားပါး တစ္ဆေငါးမန်းမျိုးစိတ်သစ်ကို အဏ္ဏဝါဗေဒပညာရှင် ဒေါက်တာ ဘရစ်ဖီနွတ်ချီ ဦးဆောင်သောသုတေသီများ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## ပီဆဲပင်း လျှပ်စစ်ကုန်ကားများ ဆက်လက်ထုတ်လုပ်ရန် ရီးကားထုတ်လုပ်ရေးကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်မည်

**ဝါရှင်တန် စက်တင်ဘာ ၂၅**

အမေရိကန်အခြေစိုက် ရီးကားထုတ်လုပ်ရေးကုမ္ပဏီအနေဖြင့် ပီဆဲဗင်း လျှပ်စစ်ကုန်ကားများ ဆက်လက်ထုတ်လုပ်ရန် ဒေါ်လာသန်းနှင့်ချီ၍ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်သွားမည်ဖြစ်ကြောင်း အေဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုကုမ္ပဏီကို ၂၀၁၁ ခုနှစ်က ဆော့ဖ်ဝီးလ်ကုမ္ပဏီလီမီတက်ဟူသောအမည်ဖြင့် စတင်တည်ထောင်ခဲ့ပြီး ဘီးတပ်လက်တွန်းလှည်းဘီးများကို ထုတ်လုပ်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် စက်ဘီးနှင့်မော်တော်ဆိုင်ကယ်ဘီးများကို ပြောင်းလဲထုတ်လုပ်ပြီး အစ္စရေးနှင့်အမေရိကန်ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ကုမ္ပဏီအမည်ကို ရီးဟုပြောင်းလဲခဲ့ပြီး လျှပ်စစ်ကုန်တင်ကားများကို ထုတ်လုပ်ခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုကို အမေရိကန်ဒေါ်လာ ၁၅ သန်းခန့်ဖြင့် စတင်ခဲ့သော ရီးကုမ္ပဏီသည် တစ်နှစ်ကျော်အတွင်း အောင်မြင်လာရာမှ ၂၀၂၁ ခုနှစ်တွင် တက္ကဆက်ပြည်နယ်၌ ရုံးချုပ်တည်ထောင်နိုင်ခဲ့သည်။

ပီဆဲဗင်းဟု အမည်ပေးထားသော လျှပ်စစ်ကုန်တင်ကားများ ထုတ်လုပ်ရောင်းချရာတွင် အောင်မြင်ခဲ့ရာမှ တစ်ကမ္ဘာလုံးသို့ ဖြန့်ဖြူးရောင်းချရန်အတွက် အာရုံစိုက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**





## မက္ကဆီကိုနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသသို့ ဂျွန်ဟာရီကိန်းမုန်တိုင်း ပြင်းထန်စွာဝင်ရောက်ခဲ့

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၅**

မက္ကဆီကိုနိုင်ငံတောင်ပိုင်းရှိ ပစိဖိတ်ကမ်းရိုးတန်းဒေသသို့ ဂျွန်ဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်း စက်တင်ဘာ ၂၃ ရက်က ပြင်းထန်စွာဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အပူပိုင်းမုန်တိုင်းနောက်ဆက်တွဲအဖြစ် ဂူရေရိုပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးမြေပြိုမှုများ စက်တင်ဘာ ၂၄ ရက်က ဖြစ်ပွားခဲ့သည်။

တစ်နာရီလျှင် လေတိုက်နှုန်း မိုင် ၁၂၀ အထိ ပြင်းထန်ခဲ့သော ဂျွန်ဟာရီကိန်းမုန်တိုင်းသည် သစ်ပင်များ၊ ဓာတ်မီးတိုင်များနှင့် အိမ်ခေါင်မိုးများကို ထိခိုက်ပြိုလဲ ပျက်စီးစေခဲ့သည်။

မက္ကဆီကိုပင်လယ်ကွေ့အတွင်း စတင်ဖြစ်ပေါ်ခဲ့သော အဆိုပါဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုကမ်းရိုတန်းကို ဖြတ်သန်းပြီးနောက် ပြင်းထန်သော အဆင့်သုံးမုန်တိုင်းအဖြစ် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါကမ်းရိုးတန်းမြောက်ပိုင်းသို့ ဆက်လက်ဦးတည်တိုက်ခတ်လျက်ရှိသည်ဟု မုန်တိုင်းပညာရှင်များ ထုတ်ချက်သတိပေးထားသည်။

မုန်တိုင်းနောက်ဆက်တွဲ မိုးသည်းထန်ပြီး တောင်ကမ်းရိုးတန်းဒေသတစ်ဝန်း၌ ရေကြီးနေသဖြင့် လူပေါင်း ၃၀၀၀ ကျော်ကို ကယ်ဆယ်ရေးအဖွဲ့က ရေဘေးလွတ်ရာသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။ **Mon**

## တောင်ကိုရီးယားနိုင်ငံ အာဆန်မြို့ မူလတန်းကျောင်း၌ ကိုယိုအင်များကို ကိုရီးယားဘာသာစကားသင်ပေးနေရ

**ဆိုးလ် စက်တင်ဘာ ၂၅**

တောင်ကိုရီးယားနိုင်ငံ အာဆန်မြို့ မူလတန်းကျောင်း၌ ကိုယိုအင်များကို ကိုရီးယားဘာသာစကားသင်ပေးနေရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကိုယိုအင်တိုင်းရင်းသားများသည် ကိုရီးယားနွယ်ဖွားများဖြစ်သော်လည်း ဥဇဘက်ကစ္စတန်နှင့် ကာဇက်စတန်စသော နိုင်ငံများသို့ ရောက်ရှိသွားကြပြီး ယခု အလုပ်အကိုင်အခွင့်အလမ်းကောင်းသော တောင်ကိုရီးယားသို့ တဖွဲဖွဲပြန်ရောက်လာကြခြင်း ဖြစ်သည်။

၎င်းတို့သည် ရုရှားစကားသာပြောတတ်ကြသဖြင့် ကိုရီးယားဘာသာစကား သင်ပေးနေရခြင်းဖြစ်ကြောင်း သိရသည်။ **Mon**





## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးမြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာ ဦးစီးဌာန ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများ၊ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့်အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**

## ရတနာပုံတံတားပေါ်ဖြတ်သန်းမောင်းနှင်သော ယာဉ်များအား နေ့စဉ်ကြပ်မတ်စစ်ဆေးလျက်ရှိ

**စစ်ကိုင်း စက်တင်ဘာ ၂၅**

စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ မန္တလေး-ရွှေဘို-မုံရွာကားလမ်း၊ စစ်ကိုင်းမြို့အဝင် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စက်တင်ဘာ ၂၃ ရက် နံနက် ၁၀နာရီက အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)နှင့်ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်များအား စစ်ဆေးရေးဆောင်ရွက်နေစဉ် မန္တလေး-ရွှေဘို-မုံရွာကားလမ်းအတိုင်း အရှေ့မှအနောက်သို့ ယာဉ်မောင်းနိုင်လင်းအောင်(၂၅)နှစ်ဆိုသူ မောင်းနှင်လာသော TOYOTA MARK-X အမျိုးအစားအနက်ရောင်ယာဉ်အား တားဆီးစစ်ဆေးရာယာဉ်နှင့်ပတ်သက်သော ခိုင်လုံသည့် အထောက်အထားပြနိုင်ခြင်းမရှိသည့်အပြင် လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း ပြောပြအပ်ပေးသဖြင့် တာဝန်ရှိသူများက ရှာဖွေပုံစံဖြင့် စနစ်တကျသိမ်းဆည်းပြီး လိုင်စင်မဲ့ ယာဉ်လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။

အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)သည် ရတနာပုံတံတားပေါ်ဖြတ်သန်းသွားလာနေသောယာဉ်များကို နေ့စဉ်ကြပ်မတ်စစ်ဆေးလျက်ရှိရာ၂၀၂၄ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၂၃ရက်အထိ လိုင်စင်မဲ့ယာဉ်အစီး ၁၀၀အား ဖမ်းဆီးအရေးယူခဲ့သည်။ အလားတူ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ယာဉ်များအား စစ်ဆေးစဉ် အရက်သေစာသောက်စားပြီး မောင်းနှင်မှု ရှိ၊ မရှိ၊ ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရန်၊ ခါးပတ်ပတ်ထားခြင်းရှိ၊ မရှိ အသိပညာပေးခြင်းများ ဆောင်ရွက်ပြီး ဆိုင်ကယ်များကိုလည်း ဆိုင်ကယ်စီးဦးထုပ်မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ မောင်းနှင်ခြင်းရှိ၊ မရှိစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၄၅)



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီက သတင်းအရ သက်သေများနှင့်အတူ မြိတ်မြို့၊ တလိုင်းစုရပ်ကွက်၊ ကမ်းနားအလယ်လမ်းတွင် နေဇင် မောင်းနှင်ပြီး မိုးကျော်နှင့် ပန်းလှ(ခ)မင်းထက်ဆိုသူတို့ လိုက်ပါလာသည့် TOYOTA SIENTA အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် နေဇင်(၂၄)နှစ်၊ မိုးကျော်(၄၄)နှစ်နှင့် ပန်းလှ(ခ)မင်းထက်(၂၆)နှစ်ဆိုသူတို့အား မြိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဆိုင်ကယ်စီး၍ လုယက်နေသော အဖွဲ့ကို ပူးပေါင်းအဖွဲ့က ဖမ်းဆီးရမိ

**မုံရွာ စက်တင်ဘာ ၂၅**

မုံရွာမြို့ပေါ် အဓိကလမ်းမကြီးများနှင့်နေရာတချို့ကို အဓိကထားကာ ဆိုင်ကယ်စီး၍ လုယက်နေသောအဖွဲ့ကို မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဦးဆောင်သော ပူးပေါင်းအဖွဲ့က စက်တင်ဘာ ၁၆ ရက် ညနေပိုင်းက ဖမ်းဆီးရမိသည်။

မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းဦးစီးသောအဖွဲ့၊ စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့ ဒုရဲမှူးစောမင်းသိန်းဦးစီးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် မုံရွာမြို့အတွင်း လှည့်ကင်းဆောင်ရွက်စဉ် မုံရွာမြို့၊ အလယ်ရပ်ကွက်၊ ကျောက်ကာ လမ်းမပေါ်တွင်CZI 125 အနက်ရောင်ဆိုင်ကယ်နှင့် CZI 125 အစိမ်းရောင်ဆိုင်ကယ်တို့အား စီးနင်းမောင်းနှင်လာသူနှစ်ဦးကို မသင်္ကာသဖြင့် မေးမြန်းရာ ၎င်းတို့နှစ်ဦးအနက် CZI 125 အနက်ရောင်ဆိုင်ကယ်အား စီးနင်းလာသူ ဝင်းမိုးကျော်၊ (၂၅နှစ်)၊ ရေစကြိုမြို့နယ်နေသူနှင့် CZI 125 အစိမ်းရောင်ဆိုင်ကယ်စီးနင်းသူမှာ ချစ်ပိုင်း၊ (၂၁နှစ်)၊ ရေစကြိုမြို့နယ်နေသူတို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် ငွေဝင်းဇော်(ထွက်ပြေးလွတ်မြောက်)နှင့်အတူ မုံရွာမြို့၊ ကျောက္ကာလမ်းပေါ်သို့ ဆိုင်ကယ်စီးသူများအား လုယက်ရန် ကြံစည်နေသူများဖြစ်ပြီး ၎င်းတို့သုံးဦးသည် မုံရွာမြို့၊ အင်းရွာသစ်ရပ်ကွက်အိမ်ငှားနေထိုင်သူများလည်း ဖြစ်သည်။

၎င်းတို့သည် ဆိုင်ကယ်နှစ်စီးဖြင့် မုံရွာမြို့၊ တမာတန်းမီးပွိုင့်အနီး၊ CP ကြက်ကြော်ဆိုင်အနီးတွင် ဂျာလင်းဆိုင်ကယ်စီးနင်းလာသည့် အသက်(၃၀)ကျော်ခန့်အမျိုးသမီးထံမှ ဖုန်းနှင့် သိန်း၂၀ပါသော ပလပ်စတစ်အဝါရောင်အိတ်အား လုယူ၍ အင်းရွာသစ်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း၊ နောက်ထပ်(၃)ရက်ခန့်အကြာတွင် ဆိုင်ကယ်နှစ်စီးဖြင့် မုံရွာမြို့၊ တမာတန်းမီးပွိုင့်အနီးတွင် သွားရောက်ပြီး ဂျာလင်းဆိုင်ကယ်အား နှစ်ယောက်ပူးစီးနင်းလာသည့် အသက် ၃၅နှစ်ခန့် အမျိုးသမီးနှစ်ဦးထံမှ ပိုက်ဆံအိတ်တစ်လုံးအား လုယူခဲ့ရာ ငွေကျပ်လေးသိန်းနှင့်လက်ကိုင်ဖုန်းတစ်လုံးရရှိခဲ့ကြောင်း စစ်မေးသိရသည်။

လုယူခဲ့သောဖုန်းများကို မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်ရှိ ဖုန်း Second ရောင်းဝယ်ရေးဆိုင်သို့ ရောင်းချခဲ့ကြောင်း ထွက်ဆိုသဖြင့် ၎င်းဆိုင်ပိုင်ရှင်အား မေးမြန်းရာ ဖုန်းများအားဝယ်ယူခဲ့ကြောင်း စစ်မေးသိရှိရသဖြင့် ဥပဒေအရ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၃၉၄)

## တရားမဝင် သစ်မျိုးစုံ၊ လိုင်စင်မဲ့ ဆိုင်ကယ်များနှင့် ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ ဆိုင်ကယ်ငါးစီး ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ်၌ တရားမဝင်အခြားသစ် ၀ ဒသမ ၅၁၆ တန်ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Pajero ယာဉ်တစ်စီးကိုလည်းကောင်း၊ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ CanterTruck ယာဉ်တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အောင်မြေသာစံမြို့နယ်တွင် အဆောက်အအုံအဟောင်း ပြိုကျမှု ဖြစ်ပွား




**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ လမ်း၂၀၊ ၈၆လမ်းနှင့်၈၇လမ်းကြားတွင် စက်တင်ဘာ၂၄ ရက် နံနက် ၂ နာရီ ၅ မိနစ်ခန့်က အဆောက်အအုံဟောင်းပြိုကျမှုဖြစ်ပွားခဲ့သည်။ အဆောက်အအုံဟောင်းပြိုကျမှုဖြစ်စဉ်ကြောင့် နှစ်ထပ်အဆောက်အအုံဟောင်းအတွင်း ပိတ်မိနေသူများအား မန္တလေးခရိုင်နှင့်အောင်မြေသာစံမြို့နယ် မီးသတ်စခန်းများမှ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးများဦးစီး၍ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ်နှင့်ရှာဖွေကယ်ဆယ်ရေးအထောက်အကူပြုယာဉ်ငါးစီး၊ သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။

နှစ်ထပ်အဆောက်အအုံဟောင်းပြိုကျမှုကြောင့် အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦး စိုးရိမ်ရဒဏ်ရာရရှိပြီး အမျိုးသားတစ်ဦး၊ မိန်းကလေးတစ်ဦး မစိုးရိမ်ရဒဏ်ရာများရရှိခဲ့သဖြင့် ချမ်းသာသုခလူမှုကူညီရေးအသင်းနှင့် စေတနာမေတ္တာကရုဏာလူမှုကူညီရေးအသင်းယာဉ်များဖြင့် ဒဏ်ရာရရှိသူများအား မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၄၅)

# ပြတ်တောက်သွားသော ညာဘက်လက်မအား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၅

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၉) ရပ်ကွက် မြိုင်လမ်းအမှတ် -၂၁၄/ခ နေထိုင်သူ မောင်စိုင်းဇော်ထိုက် အသက် ၂၆ နှစ်သည် ဇူလိုင် ၃၀ ရက်နံနက်ပိုင်းက ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ သံဖြတ်စက် Cutter ထိခိုက်မိရာမှ ညာဘက်လက်မ ပြတ်တောက်သွားသည့် ဒဏ်ရာ (Right Thumb Traumatic Amputation) ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရောက်ရှိလာရာ အဆိုပါလူနာ၏ ပြတ်တောက်သွားသော ညာဘက် လက်မအား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု (Thumb Replantation) ကို ည ၇ နာရီ ၃၅ မိနစ်တွင် စတင်ခဲ့ပြီး ည ၁၁ နာရီ ၃၅ မိနစ်တွင် ခွဲစိတ်မှုအောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။



လူနာ၏လက်မ ပြတ်တောက်သွားသည့် အခြေအနေ။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လူနာ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် အရေးပေါ်ကုသမှုဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ပြုစုကုသမှုများ ပြုလုပ်ပြီး လိုအပ်သော စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခြင်းကို အချိန်နှင့်တစ်ပြေးညီပြုလုပ်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပညာ ဆေးလက်တွေ့ပါရဂူဘွဲ့ သင်တန်းသား သင်တန်းသူများ ဖြစ်သည့် ဒေါက်တာခိုင်မေဦး၊ ဒေါက်တာ ရဲနိုင်ဦးတို့နှင့် ဒေါက်တာ မင်းမင်းအောင် ဆေးပညာမဟာသိပ္ပံ (တတိယနှစ်) (အရိုးရောဂါပညာ) တို့ဦးဆောင်သည့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုအဖွဲ့နှင့် ဒေါက်တာ ဒါလီစိုးဝင်း လက်ထောက်ဆရာဝန် (မေ့ဆေး)၊ ဆေးပညာမဟာသိပ္ပံ(မေ့ဆေး) သင်တန်းသားများ ဖြစ်သည့် ဒေါက်တာ ထက်အောင်လင်း၊ ဒေါက်တာ အောင်ကိုကိုတို့ ဦးဆောင်သည့် မေ့ဆေးဆရာဝန်အဖွဲ့နှင့် သူနာပြု ဒေါ်ပိုးခန့်ထူး၊ ဒေါ်နှင်းအဥ္ဇလီတို့ ပါဝင်သော သူနာပြုအဖွဲ့တို့ ပူးပေါင်း၍ ပြတ်တောက်သွားသော လက်မအား ပြန်လည်ဆက်ခြင်း (Replantation) ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

လူနာ၏ ကျန်းမာရေးအခြေအနေနှင့် ဆက်ထားသော ညာဘက်လက်မ၏ သွေးလည်ပတ်မှု အခြေအနေမှာ ကောင်းမွန်ပြီး စိတ်ချရသည့် အခြေအနေတွင် ရှိသည့်အတွက် အဆိုပါလူနာအား ဩဂုတ် ၁၂ ရက် (ခွဲစိတ်ပြီး ၁၃ ရက်မြောက်နေ့)တွင် ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ပုံမှန်ပြင်ပလူနာအနေဖြင့် ဆေးရုံရက်ချိန်းဖြင့် ဆက်လက်စောင့်ရှောက် ကုသပေးလျက်ရှိရာ (ခွဲစိတ်ပြီး ၂၈ ရက် မြောက်နေ့)တွင် အခြေအနေမှာ ကောင်းမွန်လျက်ရှိလည်း ဆက်ထားသောလက်မ၏ ကြောင်း သိရသည်။



ခွဲစိတ်ကုသမှုဆောင်ရွက်စဉ် (၃၀-၇-၂၀၂၄)

**သတင်းစဉ်**



ခွဲစိတ်ပြီး (၂၈) ရက်မြောက် လက်မ၏ အခြေအနေ (၂၇-၈-၂၀၂၄)

## ရေနံချောင်းမြို့၌ ဘုန်းကြီးဝတ်နေသူတချို့ကို စစ်မှုထမ်းရန် တိမ်းရှောင်သည်ဟုဆိုကာ တပ်မတော်က သင်္ကန်းချွတ်ခိုင်းပြီး အဓမ္မဖမ်းဆီး ခေါ်ဆောင်နေကြောင်း သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စုတွင် တပ်မတော်က လူငယ်များကို အတင်းအဓမ္မဖမ်းဆီးခြင်းများ လုပ်ဆောင်နေသဖြင့် လူငယ်များနှင့် အမျိုးသားများ တိမ်းရှောင်မှုများ အလွန်များပြားလာကြောင်း၊ တချို့မှာ ဘုန်းကြီးကျောင်းများတွင် သင်္ကန်းစည်းပြီး ဘုန်းကြီးဝတ်ဖြင့် နေထိုင်ကြကြောင်း၊ ထို့ကြောင့် တပ်မတော်က ဝက်မစွတ်ကျေးရွာအုပ်စုအတွင်းရှိ ဘုန်းကြီးကျောင်းတချို့ကို ဝင်ရောက်စိစစ်ပြီး ဘုန်းကြီးဝတ်ထားသူများကို သင်္ကန်းချွတ်ခိုင်းကာ စစ်သားအဖြစ် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်မှုများ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာက သတင်းအမှားများ ရေးသားထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရသည်။




### ဝါဒဖြန့်ထုတ်လွှင့်နေ

အဆိုပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံကိုအလုံးစုံ ပျက်သုဉ်းလိုသည့် အကြမ်းဖက်၊ လောက်ကောင်များက ဘာသာရေးကို ခုတုံးလုပ်၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လျက်ရှိသည့် ပြည်သူလူထုနှင့် တပ်မတော်အကြား သွေးခွဲရန်နှင့် အထင်အမြင်လွဲမှားစေရန်၊ သွေးထိုးလှုံ့ဆော်ဝါဒဖြန့် ထုတ်လွှင့်နေခြင်းသာ ဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၅) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသော နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်း စစ်သည်များသည်လည်း တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ မိဘပြည်သူများကို အထင်အမြင်လွဲမှားစေရန်နှင့် စိုးရိမ်ပူပန်မှုမြင့်တက်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ကြံဖန်တီးရေးသားထုတ်လွှင့်ခြင်းသာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာများမှ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

**သတင်းစဉ်**

ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅ - က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ဖြူပြာမင်းနိုင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ (၂) ရပ်ကွက်နေ ဖြူပြာမင်းနိုင် (ခ) အငယ်လေးအား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြွန်တန်ဆာ နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးက ဦး၊ ရေး၊ ထောက်နှင့် ငွေစာရင်းဆိုင်ရာများကိုပြောကြားပြီး တက်ရောက်လာသော ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ၏ တင်ပြချက်များကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မောင်ပြည့်သူ(မန္တလေး)**

## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသို့ ကျောင်းသား၊ ကျောင်းသူများလာရောက်လေ့လာ

**မန္တလေး စက်တင်ဘာ ၂၅**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေးလမ်းရှိ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံသို့ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်တွင် ဖွင့်လှစ်ထားသော Lumbini Academy(Mandalay) ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-6, Grade-11 ကျောင်းသား၊ ကျောင်းသူများသည် ကြီးကြပ်သူ ဆရာ၊ ဆရာမများနှင့်အတူ မြန်မာ့ရိုးရာရက်ကန်းပညာရပ်နှင့် စက်ရက်ကန်းများအား လေ့လာရန်၊ သဘာဝဆိုးဆေးနည်းပညာ၊ အထည်ဆေးရေးနည်းပညာနှင့် Eco-printing ပညာရပ်များအား လက်တွေ့သိရှိရန် လာရောက်လေ့လာခဲ့ကြသည်။ **(အောက်ပုံ)**

လာရောက်လေ့လာသော ကျောင်းသား၊ ကျောင်းသူများအား အုပ်စု(၃)စုခွဲ၍ လက်ရက်ကန်းဌာန စက်ရက်ကန်းဌာန၊ ရိုးရာလွန်းရာကျအချိတ် အချိတ်ဌာန၊ ရွှေချည်ထိုး၊ ငွေချည်ထိုးဌာန၊ ချည်မျှင်နှင့်အထည်အလိပ်ပြတိုက်တို့သို့ ပို့ဆောင်၍ နည်းပြများကရှင်းလင်းပြသပြီး အထည်ဆေးရေးခြင်း၊ Eco-print၊ သဘာဝဆိုးဆေးလက်တွေ့ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဝ၄၅)**



## နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်



**နတ်မောက် စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေတို့ ပူးပေါင်း၍ တွင်းကြီးကျေးရွာအုပ်စု၊ ဖလံပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့်တာဝန်ရှိသူများသည် ကျေးရွာကွန်ကရစ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရန်၊ လမ်းရေရှည် တည်တံ့ခိုင်မြဲစေရေး ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးပါက ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၈၅ သိန်း စုစုပေါင်း ငွေကျပ် ၂၆ ဒသမ ၈၅ သိန်း အသုံးပြုကာ ဖလံပင်ကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်း အရှည် ၇၇၀ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မ ခင်းခြင်းလုပ်ငန်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုမှ ကိုယ်တိုင်အကောင်အထည်ဖော်၍ ဩဂုတ်လစတုတ္ထအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(အပေါ်ဝဲပုံ) မှုမှုစန်း**

## ရေကြီးရေလျှံမှုဖြစ်သော်လည်း ကြက်သွန်နီဈေးကွက် ပုံမှန်ထက်အနည်းငယ်သာ ဈေးတက်

မန္တလေးတိုင်းဒေသကြီး အတွင်း ကြက်သွန်နီထွက်ရှိရာဖြစ်သည့် မြစ်သား၊ ကျောက်ဆည်မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော်လည်း ပြည်တွင်းလက်ကားဈေးကွက်တွင် တစ်ပိဿာလျှင် ပျမ်းမျှငွေကျပ် ၂၀၀ ဝန်းကျင်သာ ဈေးမြင့်တက်ကြောင်း မန္တလေးဈေးချို ကြက်သွန်ပွဲရုံတန်းမှ သိရသည်။

ရာဂီမုန်တိုင်းမိုးကြောင့် ဒေသအနှံ့အပြား မိုးသည်းထန်စွာရက်ဆက်ရွာသွန်းခဲ့ရာက လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် သယ်ယူစရိတ် ၂ ဆခန့် မြင့်တက်ခြင်းဖြင့် ကြက်သွန်နီလက်ကားဈေးကွက်တွင် ယင်းကဲ့သို့ ဈေးမြင့်လာသည်ဟု ဆိုသည်။

"ရေကြီးရေလျှံမှုကြောင့် စိုက်ခင်းတွေပျက်စီးတော့ လာမယ့်ကြက်သွန်ရာသီမှာ တစ်လခွဲလောက်နောက်ကျပြီးမှ ပေါ်မယ်။ ပေါ်ပေါ်များများထွက်မယ့် နတ်တော်၊ ပြာသိုမှာ မထွက်နိုင်တော့လို့လှောင်လက်တွေ ကြက်သွန်နီလိုသလောက်ဝယ်လို့မရတော့ရင် ဈေးလှုပ်နိုင်တယ်။ သကြံန်ပြီးနောက်ပိုင်း ကြက်သွန်နီဈေးငြိမ်တယ်လို့ ပြောရမယ်။ တက်ရင်လည်း သယ်ယူစရိတ်လောက် ငွေကျပ် ၂၀၀ ဝန်းကျင်ပဲ" ဟု ကြက်သွန်နီပွဲစားတစ်ဦးက ပြောသည်။ **(ယာပုံ)**

လက်ရှိလက်ကားဈေးကွက်၌ ကြက်သွန်နီတစ်ပိဿာလျှင် အကြီး၊ အသေး ရောရာမှာ ငွေကျပ် ၁၇၀၀ ဝန်းကျင်၊ အလတ်အရွယ် ငွေကျပ်၂၀၀၀ ဝန်းကျင်နှင့် အရွယ်ကြီးအရောင်လှလျှင် ငွေကျပ် ၂၄၀၀ ဝန်းကျင် ပေါက်ဈေးရှိကြောင်း၊ နယ်စပ်ဈေးကွက်မှ ဝယ်ယူမှုအနည်းငယ်သာရှိပြီး ပြည်ပဝယ်လိုအားအရ ဈေးကွက်ပြောင်းနိုင်သည်အထိမရှိ၍ ပြည်တွင်းဈေးကွက်တွင် ဈေးတည်ငြိမ်ကြောင်း သိရသည်။

"ဒီနှစ်ကြက်သွန်နီလှောင်လက်တွေ အရှုံးပေါ်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ မိုးရက်ဆက်ရွာတော့ ကြက်သွန်တွေက အစိုဓာတ်ဝင်ပြီး အရောင်ပြောင်းတယ်။ ကုန်ချိန်လျော့သွားတယ်။ ပြည်ပဝယ်လိုအားလည်းမရှိတော့ ပြည်တွင်းစားသုံးမှုအတွက်ပဲ လည်ပတ်နေရသလို နယ်စပ်ကကုန်သည်တွေကလည်း လမ်းစရိတ်က ကြက်သွန်ဖိုးလောက်ပေးရတော့ ဝယ်လိုအားနည်းသွားပြီး ဈေးတက်မလာဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးကြက်သွန်နီဈေးကွက်သို့ မြစ်သားကြက်သွန်နီများမရှိတော့ဘဲ ပခုက္ကူ၊ မြင်းခြံ၊ မုံရွာဘက်မှ ကြက်သွန်နီများကို ရောင်းချနေရပြီး အများဆုံးမှာ မုံရွာကြက်သွန်နီများ ဈေးကွက်သို့ဝင်ရောက်နေကြောင်း လာမည့်ကြက်သွန်နီပေါ်ချိန်နောက်ကျ၍ ဈေးကစားနိုင်သဖြင့် စောင့်ကြည့်ရမည်ဖြစ်ကြောင်း ကြက်သွန်ပွဲရုံအချို့ထံမှ သိရသည်။

**(မန္တလေးနေ့စဉ်-၉)**



**စိမ်းလန်းလှပစေဖို့**
**သန့်ရှင်းသော**
**ကမ္ဘာမြေကို**
**စောင့်ရှောက်စို့။**

# ဒေသခံတောင်သူ ၅၀၀ အား ဓာတ်မြေဩဇာ၊ စက်သုံးဒီဇယ်ဆီများ ဖြန့်ဝေပေး

**မုံရွာ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၂၈ ရွာမှ ဒေသခံတောင်သူ ၅၀၀ ဦးအား ဓာတ်မြေဩဇာ၊ စက်သုံးဒီဇယ်ဆီများအား စက်တင်ဘာ ၂၄ရက်က ဖြန့်ဝေပေးခဲ့သည်။

မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစု ဓာတ်မြေဩဇာနှင့် စက်သုံးဒီဇယ်ဆီများ ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ မြတ်သလ္လာခန်းမတွင် ကျင်းပသည်။

"အခုမိုးရာသီမှာ စိုက်ပျိုးနေကြတဲ့ စပါး၊ ဆီထွက်သီးနှံနဲ့ ဝါသီးနှံအပါအဝင် သီးနှံမျိုးစုံကို လျာထားချက်ထက် ပြည့်မီကျော်လွန်စွာစိုက်ပျိုးနိုင်ရေး၊ စိုက်သမျှသီးနှံတိုင်း ပန်းတိုင်အထွက်နှုန်းရရှိရေးနဲ့ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စိုက်ပျိုးမယ့်သီးနှံတွေလျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့တို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရမယ့် အချိန်အခါဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ပွဲတွင် ထည့်သွင်းပြောကြားသည်။

ပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မိမိတို့ဌာနများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက မုံရွာမြို့နယ်အတွင်းရှိကျေးရွာများမှ ဒေသခံတောင်သူများထံ သွင်းအားစု ဓာတ်မြေဩဇာနှင့် စက်သုံးဒီဇယ်ဆီများအား အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၃၉၄)





## ရွှေနန်းတော်အားကစားအဖွဲ့ စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ မန္တလေးမြို့၊ ရွှေနန်းတော်အားကစားအဖွဲ့က ဧကဒသမအကြိမ်မြောက်၊ ဒသမအပတ်အဖြစ် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် စကုတိုက်မှ သံဃာတော်အပါး ၁၅၀နှင့် ချမ်းသာကြီး(တောင်)တိုက်မှ သံဃာတော်အပါး ၁၀၀၊ စုစုပေါင်း အပါး၂၅၀ တို့အားပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ရွှေနန်းတော်အားကစားအဖွဲ့က ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

(အပေါ်ပုံ)(၀၉၃)

## မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ အသင်းသားစုံညီအစည်းအဝေးကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်းနှင့် ၇၈လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌမှ အမှာစကားပြောကြားခြင်း၊ မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ပြင်ဆင်ရေးဆွဲထားသောအသင်း၏ အသင်းဖွဲ့စည်းမျဉ်းများအား အသင်းသားများထံသို့ တင်ပြခဲ့သည်။

ထို့နောက် ပြင်ဆင်ထားသောအသင်းဖွဲ့ စည်းမျဉ်းအသစ်အား အသင်းသားများထံမှ အတည်ပြုချက်ရယူပြီး အသင်းဥက္ကဋ္ဌမှ ကျေးဇူးတင်နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ အသင်းသား၊ အသင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၄၅)



## နှစ်(၆၀)ပြည့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၅**

အောက်တိုဘာ ၁ ရက်နေ့တွင်ကျရောက်မည့် နှစ်(၆၀) ပြည့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေး၊ အောင်မြေသာစံမြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီက မန္တလေးမြို့၊ ၆၂လမ်းပေါ်ရှိ ကုသိုလ်တော်ရိပ်သာကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှမိုးနှင့် မြို့နယ်အတွင်းရှိ အမှတ် ၁ ၊ ၂၊ ၄၊ ၅ ရဲစခန်းများမှ စခန်းမှူးများ၊ အရာရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၈၀ ဦးတို့က ကုသိုလ်တော်ရိပ်သာကျောင်းတိုက်အတွင်း ချုံနွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် တံမြက်စည်းလှဲခြင်းများကို တပျော်တစ်ပါး စုပေါင်းဆောင်ရွက်ကြရာ အောင်မြေသာစံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ယုနှင့်တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၃)

## ပြင်ဦးလွင်မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ပြင်ဦးလွင် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးတာဝန်ခံများ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်း၍ ယမန်နေ့က ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးကွက်သစ်ရှိ ဒေသခံပြည်သူ ၁၂၀ ဦးအား ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အထွေထွေရောဂါများ ကြည့်ရှုကုသခြင်း၊ အရေပြားရောဂါများကုသပေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ငှက်ဖျားရောဂါရှာဖွေစစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မျောက်ကျောက်(Monkey Pox) ရောဂါ အစရှိသည့် ကျန်းမာရေးအသိပညာများကိုလည်း ဟောပြောအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ယာပုံ) သွေးသွေး**



## စဉ့်ကိုင်မြို့နယ်၌ ရေကြီးနစ်မြုပ် ပျက်စီးခဲ့သော ကျေးရွာချင်းဆက်လမ်းများ ပြန်လည်ပြုပြင်

**စဉ့်ကိုင် စက်တင်ဘာ ၂၅**

စဉ့်ကိုင်မြို့နယ်တွင် စက်တင်ဘာ ၁၁ရက်မှ ၁၃ရက်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ပန်းလောင်မြစ်ရေ ဝင်ရောက်မှုတို့ကြောင့် လမ်းကြောင်းပြတ်တောက်ပျက်စီးသွားသည့် ကျေးလက်လမ်းများအား ကျေးလက်နေပြည်သူများ လတ်တလောသွားလာရေး အဆင်ပြေစေရန် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းက စတင်၍ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရသာ-နန်းနီ- အုန်းလက်ကောက် ကျေးရွာချင်းဆက်လမ်းအား ဂျင်းမြေခင်းခြင်း၊ အုန်းလက်ကောက် ကျေးရွာချင်းဆက်လမ်းတွင် ပျက်စီးခဲ့သော လမ်းပိုင်းနေရာများအား စက်ကိရိယာများဖြင့် ဂျင်းမြေခင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလမ်းသည် နန်းနီ(တောင်+မြောက်) မြေတော်၊ မြောက်အင်း၊ အုန်းလက်ကောက် ကျေးရွာတို့မှ ဆက်သွယ်သွားလာနေသော ကျေးရွာချင်းဆက်လမ်းဖြစ်ကြောင်း သိရသည်။ (၄၅၁)



## မန္တလေးချမ်းသာကြီး ဆန်လှူအသင်း(၄၆)ကြိမ်မြောက် သက်တော်ရှည်ဆရာတော်ကြီးများ ပူဇော်ပွဲကျင်းပ၊ လှူဖွယ်ပစ္စည်းများ လောင်းလှူ

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်၊ ပွဲကုန်းလမ်းမတန်းရှိ မန္တလေးချမ်းသာကြီး ဆန်လှူအသင်း၏ (၄၆)ကြိမ်မြောက် ဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲနှင့် သက်တော်ရှည်ဆရာတော်ကြီးများ ပူဇော်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။

(၄၆)ကြိမ်မြောက် ဂုဏဝယဝုဒ္ဓိပူဇာသက်တော်ရှည် ဆရာတော်ကြီးများ ပူဇော်ပွဲတွင် သက်တော် ၈၀ကျော်၊ သိက္ခာတော် ၆၀ ကျော်ရှိ ဆရာတော်ကြီး ၁၅၇ပါး၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက ၃၇ပါးနှင့် အသင်းဓမ္မကထိကခြောက်ပါးတို့ ကြွရောက်အပူဇော်ခံပြီး အသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။ (အပေါ်ပုံ)

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒစရိယ၊အဂ္ဂမဟာပဏ္ဍိတ၊အဘိဓဇမဟာရဋ္ဌဂုရု၊ မိုးကောင်းတိုက်၊ ဇယျဝတီကျောင်းဆရာတော်ကြီး ဘဒ္ဒန္တသုဇနာဘိဝံသထံမှ ရှစ်ပါးသီလခံယူပြီး ဆရာတော်ကြီးများ ရွတ်ပွားတော်မူသော ပရိတ်ဒေသနာတော်ကို ရိုသေစွာနာယူကြသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးထွန်းက အသင်း၏ ဆောင်ရွက်မှုများကို လျှောက်ထား၍ သက်တော်ရှည် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု မဟာဓမ္မိကာရာမတိုက် ဆရာတော်ကြီး ဘဒ္ဒန္တသုဇနပီယက သြဝါဒကထာ မိန့်ကြားသည်။ ထို့နောက် မန္တလေးချမ်းသာကြီး ဆန်လှူအသင်းအမှုဆောင်အဖွဲ့နှင့် ပင်မအလှူရှင်များက ဆရာတော်ကြီးများအား သင်္ကန်းနှင့်လှူဖွယ်များ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာတရား နာယူကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ (၄၆)ကြိမ်မြောက် သက်တော်ရှည် ဂုဏဝယဝုဒ္ဓိပူဇော်ပွဲနှင့် သြဝါဒခံယူပူဇော်ပွဲ အောင်မြင်ပြီးမြောက်ပြီး ဆရာတော်ကြီးများအား အစီအစဉ်တိုင်းပင့်၍ အသင်းတိုက်ရှေ့တွင် စေတနာအလှူရှင်များနှင့် ရပ်မိရပ်ဖများက လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

(ဝ၄၅)



## စားသုံးဆီတစ်ပိဿာ ငွေကျပ် ၇၈၀၀ နှုန်းဖြင့် ပြည်သူများထံသို့ ရောင်းချပေး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ်၌ စားသုံးဆီများ ဝယ်ယူရာတွင် ပြည်သူများ အခက်အခဲမရှိစေရေးနှင့် အိမ်ထောင်စုတိုင်း ဝယ်ယူနိုင်ရေးအတွက် ပြည်သူများအား ယနေ့ နံနက် ၈ နာရီက မြို့မဈေးအပြင်ရှိ မိဘဂုဏ်ဆီစက်နှင့် သီးနှံစုံ ရောင်းဝယ်ရေးကုန်စုံဆိုင်၌ ရောင်းချပေးခဲ့သည်။

အဆိုပါ စားသုံးဆီများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန်အတွက် ဆင်ပေါင်ဝဲမြို့ပေါ်ရှိ ရပ်ကွက်(၁)ရပ်ကွက်တွင် နေထိုင်လျက်ရှိသော ပြည်သူများကို စနစ်တကျဖြစ်စေရန် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ အိမ်ထောင်စုအလိုက် စားသုံးဆီဝယ်ယူခွင့် စာအုပ်များ ကြိုတင်ပေးထားပြီး ကာလပေါက်ဈေးထက် ဈေးနှုန်းလျှော့ချကာစားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀ နှုန်းဖြင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ကြီးကြပ်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## လူထုအခြေပြုဗဟိုဌာနတွင် စာပတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**တံတားဦး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကဗျာ ရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲတွင် တံတားဦးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပစာပေများနှင့် ထိတွေ့ပြီး အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားဦးမြို့ မြို့မ အခြေခံပညာအလယ်တန်းကျောင်းမှ Grade-6 မှ ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးက မိမိတို့ လေ့လာထားသည့် ကဗျာများဖြင့်လည်းကောင်း၊ ပုံပြင်ပြောပြိုင်ပွဲတွင် ကျောင်းသား၊ကျောင်းသူ ၁၄ ဦးက မဲနှိုက်ရွေးချယ် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(၄၀၉)

*-*-*-*-*

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက သရက်မြို့ပေါ် ရပ်ကွက်များတွင် ပြည်သူများထံ ဖြန့်ဝေခဲ့သည်။



အဆိုပါ လူထုအသိပညာပေး လက်ကမ်းစာစောင်တွင် သန်းခေါင်စာရင်းကောက်ယူရေးသိကောင်းစရာများ၊ သန်းခေါင်စာရင်းတွင် ထည့်ကောက်ရမည့်သူများ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်၍ ပြည်သူများက စာရင်းကောက်မေးမြန်းမည့် မေးခွန်းများကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုနိုင်ရန်နှင့် သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ ပြည်သူအများ သိရှိထားရမည့်အချက်များ ပါဝင်ကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**

## မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ၈ ဒသမ ၂ ပေခန့် ဆက်လက်ရေကျော်

**ပွင့်ဖြူ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် (SOULIK) မုန်တိုင်းအရှိန်ကြောင့် မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် ကြီးအုံကြီးဝတမံအတွင်း ရေဝင်ရောက်မှုများ တိုးလာခဲ့ပြီး ယနေ့ နံနက် ၇ နာရီ တိုင်းထွာရာ၌ တမံရေပြည့်မှတ်ဖြစ်သည့် ၃၄၀ ပေအထက် တမံရေပိုလွှဲမှ ၈ ဒသမ ၂ ပေခန့် ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း အဆိုပါ ကြီးအုံကြီးဝတမံမှ ရေကင်းတာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းလွင်ထံက သိရသည်။

ပွင့်ဖြူမြို့နယ်၌ (SOULIK) မုန်တိုင်းအရှိန်ကြောင့် ယမန်နေ့က မိုးရေချိန် ဝ ဒသမ ၈၈ လက်မခန့် ရွာသွန်းခဲ့သဖြင့် တမံအတွင်း မိုးရေဝင်ရောက်မှု တိုးလာခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် တမံရေပြည့်မှတ်အထက် ရေပိုလွှဲမှ ၈ ဒသမ ၂ ပေခန့် ရေကျော်ကျလျက်ရှိကြောင်း၊ ထိုသို့ တမံရေပိုလွှဲမှရေကျော်ကျမှုများရှိသော်လည်း တမံအောက်ဘက်ရှိ ပြည်သူများအတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်းနှင့် တမံနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်လျက်ရှိကြောင်း၊ တမံအတွင်း မိုးရေဝင်ရောက်မှုအခြေအနေနှင့် တမံရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေများကို တမံအောက်ဘက်ရှိ ဒေသခံပြည်သူများ ကြိုတင်သိရှိနိုင်ရန်အတွက် တမံရေကင်းတာဝန်ခံများ၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက (၂၄)နာရီ ရေကင်းတာဝန်များကို အလှည့်ကျစနစ်ဖြင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေး စီမံချက်အရ အစိမ်းရောင်အလံများ စိုက်ထူ၍ အချိန်နှင့်တစ်ပြေးညီ အသိပေးနိုးဆော်ခြင်းများ ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံကြီးဝတမံသည် မင်းဘူးခရိုင်အတွင်း ဆည်ရေအများဆုံး သိုလှောင်နိုင်သော တမံတစ်ခုဖြစ်ကာ ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လွှတ်ပြီး ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ကာ ပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်ရန် အကျိုးပြုလျက်ရှိသည်။ထို့အပြင် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိအောင် မဲဇလီရေလွှဲဆည်သို့ ဆည်ရေများ ပို့လွှတ်ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



(အောက်ပုံ) (၄၄၅)

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် စာအုပ်ပြပွဲ ကျင်းပ



**သရက် စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပ၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် စာအုပ်ပြပွဲ ကျင်းပခြင်းကို ယမန်နေ့ နံနက် ၉နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ရာ မူလတန်းကျောင်း ၁၈ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၈ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ကျောင်းသားလူငယ်များ ယခုလို ငယ်စဉ်ပညာရှာချိန်မှစ၍ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဆိုသည့် ဗလငါးတန်ပြည့်စုံစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားပေးခဲ့ပြီး Book Club အဖွဲ့ဝင် မောင်မင်းသိမ်း(သရက်)က အမှတ်ပေး စည်းမျဉ်းများ ပြောကြားပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မိမိကျသည့် ပုံပြင်ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသည့် စာအုပ်ပြပွဲအား ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ဆုပေးပွဲကျင်းပရာ အမကကျောင်းမှ မေသွန်းစုက ပထမ၊ ထုံးတောင်အမကမှ မမြတ်နိုးအောင်က ဒုတိယ၊ မုဠလီအမကမှ မနွယ်နီထွန်းကတတိယ၊ ရွှေဘုံသာအမကမှ မောင်မြတ်သူက နှစ်သိမ့်ဆု(၁)နှင့် စမ်းအိုင့်အမကမှ မအိသဇင်ဖွေးက နှစ်သိမ့်ဆု(၂)ရရှိခဲ့ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး ခရိုင် ပညာရေးမှူးက ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၈ဦးအား ဗလာစာအုပ် တစ်ဒါဇင်စီ ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

**ဇော်ထက်(သရက်)**

## စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်ပြသခြင်း ကွင်းဆင်းဆောင်ရွက်

**ကျိုင်းတုံ စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံ၍ ဘက်စုံထူးချွန်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက ပင်းတောက်ကျေးရွာအုပ်စုရှိ အခြေခံပညာအလယ်တန်းကျောင်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျိုင်းတုံခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ၊ ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က ကျောင်းသား၊ ကျောင်းသူများသည် နောင်အနာဂတ်၌ ဗလငါးတန်နှင့်ပြည့်စုံ၍ ဘက်စုံထူးချွန်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာရန် ယခုအရွယ်မှစ၍ အသိပညာ ဗဟုသုတများကို ရှာမှီးရမည်ဖြစ်ကြောင်း၊ စာဖတ်သောသူတိုင်း တိုးတက်သကဲ့သို့ တိုးတက်သောသူများမှာ စာဖတ်ကြကြောင်း ပြောကြားပြီး ဦးစီးအရာရှိ ဦးစိုင်းရွှေအောင်က ယနေ့တိုးတက်လာသော ခေတ်စနစ်အရ နည်းပညာများမှာ လေ့လာ၍မကုန်နိုင်သည်ဖြစ်ရာ အချိန်ကို အကျိုးရှိစွာအသုံးချကြရန်၊ ခေတ်မီစက်ကိရိယာများမှသာမက စာပေဖတ်ရှုခြင်းအားဖြင့်လည်း အသိပညာ ဗဟုသုတများစွာရရှိစေနိုင်ပြီး အမှားအမှန် ခွဲခြားသိမြင်လာနိုင်ကြောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများအား ကျိုင်းတုံခရိုင်အတွင်း စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသော မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးအန္တရာယ်နှင့် ဆိုးကျိုးများဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**





## ရန်ကုန်-မန္တလေးလမ်းဟောင်းမှ တံတားဦးလေဆိပ်သွားလမ်း ရေကျော်ပျက်စီးမှု ပြုပြင်ပြီးစီး

**တံတားဦး စက်တင်ဘာ ၂၅**

စက်တင်ဘာ ဒုတိယပတ်အတွင်း မိုးသည်းထန် ရွာသွန်းခဲ့မှုကြောင့် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ တံတားဦးလေဆိပ်သို့သွားသည့် (ချမ်းသာဦး - စကားအင်း)ကားလမ်းမှာ ရေကျော်ပျက်စီးခဲ့သည်။

သို့ဖြစ်၍ အဆိုပါလမ်းအား မူလအတိုင်း အမြန်ပြန်လည်သွားလာနိုင်ရေး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်လမ်းဦးစီးအဖွဲ့မှ ဆောလျင်စွာ ပြုပြင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက်တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၀၅၄)**



ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့ မြန်မာ

## မေတ္တာဖလှယ် ကြင်နာသွယ် ဖေးကူလှူမယ်

\- သဘာဝဘေးကြောင့် ရေတွေကြီးလို့
သောကမီး ရတက်ပွေ။
မြို့ရွာအများ ရေလျှံလွှမ်း
ပျက်စီးနွမ်းနေ။
စာနာကြလို့ ဖေးကူစေ
စောင့်ရှောက်လေ အလွှာမခြား။
စေတနာအပေါ် ကုသိုလ်ထပ် ပါလို့
သဒ္ဓါစိတ်ပွား။
\- လူနှင့်လူချင်း တန်းတူထား ကာပ
ကမ်းလက်များ တွဲဆက်ချည်။
ချစ်ကြင်နာ မေတ္တာလွှမ်း
လှူဒါန်းကြမည်။
ကိုယ်စွမ်း ဉာဏ်စွမ်း အခြေတည်
စိတ်တူညီ ထောက်ပံ့မှု။
အသက်အိုးအိမ် နေထိုင်မှု ကိုပ
ရေးရှုဆောင်ကြ။
\- အန္တရာယ်ဆိုး ရေဘေးမှ ရယ်
ကြုံကြရ လူများစွာ
စိတ်ဓာတ်တွေ ကြံ့ခိုင်လျက်
လုပ်ဆက်လျှောက်ရာ။
ဖေးကူမှုလို့ ပေးလှူကာ
မြန်မကြာ ဖွံ့ဖြိုးဖို့
တို့တစ်တွေ အကျိုးဆောင်မှုရယ်နဲ့
ထမ်းရွက်ပြုကြစို့။ ။

**မင်းမြတ်မိုး(မန်းမြေ)**

## သတင်းပဒေသာ

### ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်တွင် စတုတ္ထအကြိမ်မြောက် ဓမ္မစကူးလ်ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကျောင်းကို သီရိမင်္ဂလာအုဉ်ကျောင်း၌ ဖွင့်လှစ်ပေးလျက်ရှိသည်။ အဆိုပါ ဓမ္မစကူးလ်ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကျောင်းအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ လုပ်ငန်းညှိနှိုင်းဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် စဉ်ဆက်ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်က အမှာစကားပြောကြားသည်။ စဉ်ဆက်ပညာရေးလုပ်ငန်းကို အောက်တိုဘာ ၁၄ ရက်မှစ၍ ရက်ပေါင်း ၉၀ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ကျေးရွာ ၁၂ ရွာ၌ စာသင်ဝိုင်း ၂၀ တွင် စာသင်သား ၂၅၁ ဦးတို့ဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ပြည်သူ့စာကြည့်တိုက်တွင် စာဖတ်ဝိုင်း ကျင်းပ

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ် ကလေးဘဝမှစတင်၍ စာအုပ်စာပေနှင့် ရင်းနှီးစေရန် စာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာတတ်သည့် အလေ့အထများ ဖြစ်ပေါ်စေရန်၊ စဉ်းစားတွေးခေါ်မှု အားကောင်းစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ နံနက် ၉နာရီခွဲက စာရေးဆရာ ဇန်းမော်သိန်းဖေရေးသားသည့် "မျှဝေလိုသော အတွေးများ (၃)" စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ရေဘေးသင့်ပြည်သူများအား ကူညီရန်အတွက် ရန်ပုံငွေရှာဖွေလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ရေဘေးသင့်ပြည်သူများအား ကူညီရန်အတွက် ယမန်နေ့ နံနက်ပိုင်းက ဂီတအနုပညာညီအစ်ကိုမောင်နှမများအဖွဲ့မှ ကျိုင်းတုံမြို့မဈေးကြီးတွင် တေးသီချင်းများဖြင့် ကုသိုလ်ယူဖျော်ဖြေသီဆိုကာ ရန်ပုံငွေရှာဖွေခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ရွှေမင်းဖုန်းကျေးရွာအုပ်စု၊ ရွှေတောင်ကြားရပ်ကွက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ယမန်နေ့ ညနေ ၃ နာရီက တာဝန်ရှိသူများထံ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### မအေးရေလှောင်တမံ၌ ရေများ ကျော်ကျလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မအေးရေလှောင်တမံ၌ စက်တင်ဘာ ၂၃ရက် နံနက်ပိုင်းတွင် ပင်မရေပိုလွှဲမှ (၂ ဒသမ ၃)ပေခန့် ဆည်ရေများ ကျော်ကျလျက်ရှိသော်လည်း ဆည်ရေပြည့်အမှတ်ကျော်လွန်သည့် သာမန်ရေကျော်အခြေအနေဖြစ်သည့်အတွက် ဆည်အောက်ပိုင်းရှိ ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်စရာမလိုကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။
**မြို့နယ်(ပြန်/ဆက်)**



## ရေဘေးသင့်ပြည်သူများနှင့် သာသနာရေးအတွက် အလှူငွေများလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေး၊ မြို့ပတ်လမ်းနေ ဦးမျိုးသန့်+ဒေါ်အိအိမွန်(မျိုးမြန်မာ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း)က ရေဘေးသင့်ပြည်သူများနှင့် သာသနာရေးအတွက် ဆန်နှင့်အလှူငွေများ လှူဒါန်းခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက နေအိမ်၌ကျင်းပသည်။**(အောက်ပုံ)**

ကျောက်ဆည်မြို့၊ ရွာတော်ကျေးရွာနှင့်ရွှေကျေးအိပ်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန် ၄ ပြည်ပါ ၂၁၆ အိတ်နှင့် ငွေကျပ် ၁၅ သိန်း၊ တံတားဦးမြို့နယ် တောင်ခွင်မတောင်ရိုးအတွက် ၄ ပြည်ပါ ဆန်အိတ် ၄၅အိတ်၊ ထန်းလုံးတပ်ကျေးရွာရှိ အိမ်ခြေ ၁၀၀၀ အတွက် နှစ်ပြည်ပါဆန်အိတ် ၁၀၀၀၊ မြစ်သားမြို့နယ်အတွက် ခေါက်ဆွဲခြောက်အကြီး ၁၁ ဖာနှင့် အလှူငွေကျပ် ၁၅သိန်း၊ ညောင်ဦးမြို့နယ်အတွက် ၈ ပြည်ပါ ဆန် ၃၅အိတ်၊ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၆၀၀၀ လှူဒါန်းခဲ့သည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် ချမ်းသာကြီးဆန်လှူအသင်းအတွက် အလှူငွေငါးသိန်းကျပ်၊ အဝါရောင်မိုးဆက်သစ်လူငယ်ပရဟိတအသင်းအတွက် ၈ ပြည်ပါ ဆန်အိတ် ၅၀၊ ဆီပုံး ၅ပုံးနှင့် အလှူငွေကျပ် သုံးသိန်း၊ မြစ်ငယ်မြို့ ဓမ္မရုံသီမိုးကုတ်ရိပ်သာကျောင်းအတွက် အလှူငွေကျပ်သိန်း ၃၀နှင့်ဆွမ်းဆန်တော် ၈ ပြည်ပါ ၇၅အိတ်၊ ရန်ကင်းတောင်ပဌာန်မြားရိပ်သာကျောင်းအတွက် အလှူငွေကျပ် ၁၅ သိန်းနှင့်ပြည်ကြီးတံခွန်မြို့နယ်၊ ဆံတော်ရှင် အမှတ်(၆)ပရဟိတကျောင်းအတွက် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကဆ)**



## ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ ၄၂ လမ်း၊ ရှမ်းပွဲရပ်နေ ကွယ်လွန်သူများ ဖြစ်ကြသော ဘိုးဘွား၊ ဆွေမျိုးများနှင့် ဖခင်ကြီး ဦးတိုး+မိခင်ကြီး ဒေါ်တင်တင်ရီတို့အား ရည်စူး၍ သား၊ သမီး၊ မြေးတစ်စုတို့မှ ဆေးပဒေသာပင် အလှူငွေကျပ်ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင်သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်ကြောင်း သိရသည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၄၀၂၆၂၆၃၂၄သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**



## ပြည်လုံးချမ်းသာတိုင်းရင်းသားမိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းသို့ အလှူငွေ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပြည်လုံးချမ်းသာတိုင်းရင်းသား မိဘမဲ့ကလေးများစောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းတိုက်တွင် လိုအပ်လျက်ရှိသော သန့်စင်ခန်း(သုံးခန်းတွဲအိမ်သာ)တစ်လုံး တည်ဆောက်နိုင်ရန်အတွက် အလှူရှင် ဇန်းမော်မြို့အခြေစိုက် တရုတ်နိုင်ငံကုန်သည်ကြီးများအသင်းက အလှူငွေကျပ်သိန်း ၅၀ ကို ယမန်နေ့က ကျောင်းတိုက်ဦးစီးပဓာနနာယကသဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တသုမင်္ဂလ(ဓမ္မာစရိယ B.A) ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က သာဓုအနုမောဒနာ ခေါ်ဆိုပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ချီးမြှင့်ခဲ့သည်။ **(ဝဲပုံ)**

ပြည်လုံးချမ်းသာတိုင်းရင်းသား မိဘမဲ့ကလေးများစောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းတိုက်သို့ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ တိုင်းရင်းသားမိဘမဲ့ကလေးငယ် စုစုပေါင်း ၂၀၀ ကျော်တို့အား အာဟာရကျွေးမွေးလှူဒါန်းလိုပါကလည်းကောင်း၊ အခြားဘက်စုံဖွံ့ဖြိုးရေးအလှူငွေများ လှူဒါန်းလိုပါကလည်းကောင်း ဦးစီးပဓာနနာယကဆရာတော်ဖုန်း ၀၉-၂၁၁၀၅၂၈ နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ကဆ)**



## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးတက္ကသိုလ်ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းရှိ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပရာ မြန်မာစာဌာန ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)ဆရာမကြီး ဒေါ်လှမြတ်မှ ၂၀၂၄ ခုနှစ်အတွက် တစ်လတစ်သောင်းနှုန်းဖြင့် တစ်နှစ်စာငွေကျပ် တစ်သိန်းနှစ်သောင်းကို အလှူရှင်ကိုယ်စားမြန်မာစာဌာန၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)ဒေါက်တာမောင်မောင်လေးကလှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီနာယက ဦးတင်မောင်က လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

အလှူရှင်မိသားစုသည် မန္တလေးတက္ကသိုလ်ဆရာ၊ ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ အငှမအကြိမ်လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်းငွေပဒေသာပင်ငွေကျပ် ၁၉သိန်း လှူဒါန်းပြီးဖြစ်သည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် ၂၀၂၃ ခုနှစ် မေ ၂၃ ရက်မှစ၍ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်အထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၃၁၀ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ၅၂၃သိန်း ပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော် စုဆောင်းထားရှိကြောင်း သိရသည်။

**(ကဆ)**

# စကားချိုချိုသာ ပြောဆိုကြစမ်းပါ

## ကိုကိုပံသူ (ပစ္စက္ကူတက္ကသိုလ်)

လူဆိုသည်မှာ အပေါင်းအသင်းများ အဖွဲ့အစည်းများနှင့် နေထိုင်ရသောသတ္တဝါဖြစ်သည်ဟု အများက လက်ခံထားကြပါသည်။ တစ်ဦးတစ်ယောက်ထဲ ခွဲထွက်မနေသာ အစုအဖွဲ့နှင့်သာ နေထိုင်ကြရပါသည်။ ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ကြ ပြောဆိုကြသည်တွင် အဓိကဆက်သွယ်ရေးကိရိယာမှာ စကားပြောဆိုမှုပင် ဖြစ်ပါသည်။ လုပ်ငန်းတစ်ခုခုကို လုပ်ဆောင်ကြရန်၊ ပြဿနာတစ်ခုခုကို ဖြေရှင်းကြရန်အတွက် လူသားအချင်းချင်း ပြောကြ ဆိုကြ နှုတ်ဆက်ကြရ ဆွေးနွေးတိုင်ပင်ကြရပေသည်။ ထိုအခါ မိမိတို့၏ နှုတ်မှစကားဆိုရသည်။ ပြောဆိုကြရသည်။ အကြံပြုရသည်။ လမ်းညွှန်ပေးကြရသည်။ အမိန့်ပေးကြရသည်တွင် သင့်လျော်သည့်စကားလုံးများကို မဖြစ်မနေ အသုံးပြုကြရပါသည်။

လူမှုဆက်ဆံရေးနယ်ပယ်တွင် စကားအပြောအဆို အမူအရာယဉ်ကျေးသိမ်မွေ့ကြရန် လိုအပ်ပါသည်။ နှုတ်မှထွက်လာသော စကားလုံးများ၏ လေသံအနိမ့်အမြင့်၊ သုံးနှုန်းလိုက်သော စကားလုံးများ၏ သိမ်မွေ့ညင်သာမှု၊ အသံထွက်မာကြောမှု၊ ကိုယ်နှုတ်အမူအရာ ပျူငှာယဉ်ကျေးမှု စသည်တို့မှာ ထိုပုဂ္ဂိုလ်၏ စိတ်နေသဘောထား၊ ကိုယ်ရည်ကိုယ်သွေးနှင့် အကျင့်စရိုက်တို့ကို ဖော်ညွှန်းနေပါသည်။

တစ်စုံတစ်ယောက်၏ သုံးနှုန်းလိုက်သော နှုတ်ထွက်စကား၊ အပြောအဆို၊ လေယူလေသိမ်း၊ အသံအနိမ့်အမြင့်၊ အတိုးအကျယ် စသည်တို့ကို လိုက်၍ အဆိုပါပုဂ္ဂိုလ် ပြောကြားလိုက်သော စကား၏အနက်အဓိပ္ပာယ် ပြောင်းလဲသွားတတ်ပေသည်။ စကားတစ်လုံးတည်းကိုပင် ထွက်ပေါ်လာသည့် ပုံမှန်လေသံ၊ ညင်သာသောလေသံ၊ အများလက်ခံနိုင်သည့်လေသံ၊ ပြင်းထန်သောလေသံတို့ကိုလိုက်၍ စကားလုံး၏ အတိမ်အနက်နှင့် အကျိုးသက်ရောက်မှု ပြောင်းလဲတတ်သည်ကို သတိပြုကြစေလိုပါသည်။

ရှေးခေတ်စာဆိုရှင်ကြီး ရှင်မဟာရဋ္ဌသာရ၏ ''လက်သစ်တောင်တာ'' ဆုံးမစာတွင် **'တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ'** ဟူသော ဆုံးမစကားသြဝါဒမြွက်ကြားရေးသားထားသည်ကို စာရေးသူတို့ငယ်စဉ်ကာလ ကျောင်းသားဘဝ စာပေသင်ကြားခဲ့စဉ်က အလွတ်ကျက်မှတ်ခဲ့ရပါသည်။ ယခုအခါ အသက်ခြောက်ဆယ်ကျော်အရွယ် အိုမင်းမစွမ်းသည့်အချိန်ထိတိုင် ဖော်ပြပါ ဆုံးမစကားလုံးများကို ကြားယောင်နေဆဲ၊ အလွတ်ရနေဆဲပင် ဖြစ်ပါသည်။

စာရေးသူတို့ ဖြတ်သန်းခဲ့ရသည့်အချိန်ကာလများ၊ လုပ်ဆောင်ခဲ့ရ တာဝန်ယူခဲ့ရသော လုပ်ငန်းဆောင်တာများ၊ ပေါင်းသင်းဆက်ဆံ ပြောဆိုခဲ့ရသော အဖွဲ့အစည်းများ၊ ရင်ဆိုင်ဖြေရှင်းခဲ့ရသော ပြဿနာများ၊ ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများသည် ယနေ့ထိတိုင် မေ့မရနိုင်သေးပါ။ လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝန်းမှာ ရှင်သန်ခဲ့ကြရ၊ ကြီးပြင်းခဲ့ကြရ၊ တွေ့ကြဆုံကြ၊ ပြောကြဆိုကြ၊ နှီးနှောတိုင်ပင်ဆွေးနွေးကြ၊ ငြင်းကြခုံကြ၊ စုပေါင်းလုပ်ဆောင်ကြရပါသည်။ အသက်တစ်ရာမနေရ အမှုတစ်ရာပွေရ ဆိုသလို ပြဿနာမျိုးစုံ အခက်အခဲ အဖုံဖုံတို့နှင့် လောကဓာတ်ခုံ ဤလူ့ဘုံမှာ ကျင်လည်ခဲ့ကြရပါသည်။

လူသားတစ်ဦးနှင့်တစ်ဦး အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအတွင်းမှာ စကားအပြောအဆိုနှင့်ပတ်သက်၍ ပြောဆိုသုံးနှုန်းလိုက်သည့် စကားလုံးများအပေါ်တွင် အခြေခံလျက် အချင်းချင်း သဘောထားခံယူမှု၊ ပေါင်းသင်းဆက်ဆံမှု အခြေအနေများ ပြောင်းလဲသွားတတ်ပါသည်။ သုံးနှုန်းလိုက်သော စကားလုံးများသည် တစ်ဖက်လူကို ရန်သူဖြစ်စေသည် သို့တည်းမဟုတ် မိတ်ဆွေဖြစ်စေသည်ကို တွေ့ရှိရပါသည်။ တစ်ဖက်လူ နားမခံသာသော အပြောအဆိုသည် နှစ်ဦးနှစ်ဖက်၏ ခင်မင်ရင်းနှီးမှုကို ပျက်ပြားစေပါသည်။ ထိုနှစ်ဦး၏အကြားတွင် သံသယများ တစ်နေ့တစ်ခြားကြီးထွားစေပြီး အမုန်းတရားများနှင့် အာဃာတများ တိုးပွားလာစေပါသည်။

တစ်ခါတစ်ရံတွင် ပြောဆိုလိုက်သူနှင့် နာယူသူတို့ နှစ်ဦးအကြားတွင် နားလည်မှုလွဲမှားပြီး အမုန်းတရား ပွားများလာသည်ကိုလည်း တွေ့ရတတ်ပါသည်။ ဥပမာ - မိမိက တစ်စုံတစ်ယောက်အား သိက္ခာရှိစေလို၊ တာဝန်ကိုကျေပွန်စေလို၊ ယဉ်ကျေးသိမ်မွေ့စေလို၍ ဆုံးမစကား ပြောဆိုလိုက်သည်တွင် တစ်ဖက်လူက ခံယူချက်လွဲမှားလျက် သူ့အားဆရာလုပ်သည်၊ ချုပ်ချယ်သည်၊ မတရားအနိုင်ကျင့်သည်၊ သိက္ခာချသည်ဟု ခံယူလိုက်သောအခါ ထိုနှစ်ဦး၏အကြားတွင် အမုန်းတရားများ ပွားများလာပြီး ထိုနှစ်ဦး၏ဆက်ဆံရေး ပျက်ပြားသွားခဲ့သည်ကို ကိုယ်တွေ့ကြုံဖူးပါသည်။

ထို့ကြောင့် အပြောအဆိုနှင့်ပတ်သက်၍ အထူးသတိပြုသင့်ပါသည်။ တစ်ခါတစ်ရံတွင် မိမိက စေတနာနှင့်ပြောလိုက်သည့်စကားကို တစ်ဖက်လူက မနာခံဘဲ ပြန်လည်ခွန်းတုံ့ပြန်ခဲ့ပါက မိမိ၏ စေတနာစကားကြောင့် ဝေဒနာများလည်း ရှိတတ်ပါသည်။ မိမိက သူ့အတွက်ကောင်းစေလို၍ ပြောလိုက်သော်လည်း တစ်ဖက်လူက မနာယူဘဲ မိမိအား 'မနှောင့်ယှက်ပါနဲ့။ လူလိုသိပါ'ဟု တုံ့ပြန်သည်ကိုလည်း ထူးဆန်းစွာတွေ့ရတတ်ပါသည်။

စာရေးသူက တစ်စုံတစ်ယောက်အား သူ၏ လုပ်ဆောင်ချက်များ လွဲမှားနေသောကြောင့် ကျိုးကြောင်းပြညွှန် သွန်သင်ဆုံးမ လမ်းညွှန်ပြခဲ့ဖူးပါသည်။ သို့ရာတွင် တစ်ဖက်လူက မနာခံဘဲ စာရေးသူကို အပြစ်တင်ဝေဖန် ရန်ပြုတုံ့ပြန်ပြီး ရန်သူလိုသဘောထားခဲ့မှုကြောင့် နှစ်ဦးနှစ်ဖက်အကြား ဆက်ဆံရေးပျက်ပြားခဲ့ရပါသည်။ မိမိက ကောင်းစေလို၍ အပြုသဘောကနေ၍ စကားဆိုခဲ့ခြင်းကို တစ်ဖက်လူက မကောင်းမြင်ပြီး အဖျက်သဘောဖြင့် ခံယူခဲ့ပါသည်။

သို့ပါသောကြောင့် လူတစ်ဦးတစ်ယောက်၏ အဆင့်အတန်းကို သတ်မှတ်ရာတွင် ငွေကြေးဓနပညာဓန ကြွယ်ဝမှုနှင့် အဓိကအားဖြင့် ဆက်နွှယ်မှုမရှိတော့ပေ။ ထိုပုဂ္ဂိုလ်၏ အပြုအမူ၊ အပြောအဆို၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ သုံးနှုန်းလိုက်သော စကားလုံးများသည်သာ အဓိကဖြစ်နေပါသည်။ ငွေကြေးဓန မည်မျှပင်ကြွယ်ဝ၍နေပါစေ ပြောဆိုလိုက်သောစကား တုံ့ပြန်လိုက်သောအမူအရာသည်သာ ထိုသူ၏အဆင့်အတန်းကို ဖော်ပြနေပါသည်။ ဥပမာ - ရာထူးကြီးကြီးရနေသူ ပညာတတ်ဘွဲ့ရတစ်ဦးက မိမိဆရာ၏ဆုံးမစကားကို မလိုက်နာ မနာခံဘဲ ရင့်သီးသောစကားလုံးများနှင့် တုံ့ပြန်လိုက်ခြင်းမျိုးကို ဆိုလိုပါသည်။ ယနေ့ကာလ ဤလောကတွင် ထိုကဲ့သို့သော ဆက်ဆံသူမျိုး၊ ကျေးဇူးတရားကို မျက်ကွယ်ပြုလျက် နှုတ်ထွက်ကြမ်းတမ်း ပရမ်းပတာပြုမူနေသူများကို တွေ့နေမြင်နေရသည်မှာ ဝမ်းနည်းဖွယ်သာ ဖြစ်နေပါတော့သည်။

ဤတွင် စကားပြောဆိုမှုနှင့်ပတ်သက်သော မြန်မာ့ရိုးရာ ဆိုရိုးစကား အများအပြားရှိသည်ကို သတိချပ်ကြစေလိုပါသည်။ **'နှုတ်ချိုသျှိုတစ်ပါး၊ ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ်၊ အပြောအဆို ပျားသို့ချို နှုတ်ကြောင့်သေ လက်ကြောင့်ကြေ'** စသည်များကို သိမှတ်ကြစေလိုပါသည်။

အပြောအဆို စကားအသုံးအနှုန်း ချိုသာခြင်းဖြင့် လူမှုကိစ္စအဝဝကို ပြဿနာတစ်စုံတစ်ရာမရှိ၊ အခက်အခဲမရှိ အောင်မြင်စေသည်ကို တွေ့ရပါသည်။ ပြဿနာတစ်ခုကို ဒေါသနှင့်မဖြေရှင်းဘဲ မေတ္တာထားကာ နှုတ်အပြောချိုသာစွာ ဖြေရှင်းပါက နှစ်ဦးနှစ်ဝ စိတ်ချမ်းသာကြရပါမည်။ အလွယ်တကူ အောင်မြင်ပြီးမြောက်စေပါသည်။ အချင်းချင်း လေးစားချစ်ခင်ပျော်ရွှင်မှုကို ရစေပါသည်။ ထိုကဲ့သို့ အပြောအဆိုချိုသာမှုနှင့်ပတ်သက်၍ ကန်တော်မင်းကျောင်း ဆရာတော်ကြီး၏ 'လောကသာရပျို့' တွင် ဖော်ပြထားသည်ကို မှတ်မှတ်ထင်ထင် တင်ပြလိုပါသည်။

**ပျူပျူငှာငှာ လူတကာကို၊ သာသာချိုချို ချစ်ဖွယ်ဆို၍**

**စိုစိုပြည်ပြည် ကျင့်မှုနည်းဖြင့်၊ လည်လည်ပတ်ပတ် လောကဝတ်၌**

**ပြတ်ပြတ်သားသား အပြားပြားလျှင်၊ မှုများခပ်သိမ်း၊ ဆောင်တိုင်းငြိမ်းလျက် --**

ဟု ဆရာတော်ကြီးက ပြဆိုထားပြန်ပါသည်။ သို့ပါသောကြောင့် စကားချိုချို ပြောဆိုကြပါ။ လူမှုကိစ္စအဝဝသည် မုချပြေလည်ရမည်မှာ အသေအချာပါဟု ဆိုချင်ပါသည်။

ယနေ့ခေတ်ကာလတွင် စာရေးသူတို့ တွေ့ကြုံနေရ မြင်ရကြားရသည်မှာ လူငယ်အတော်များများ၏ နှုတ်ထွက်စကားတချို့သည် ယဉ်ကျေးပျူငှာ ချိုသာဖို့ဝေးစွ မိမိတို့သုံးနှုန်းလိုက်သော ထွက်ဆိုလိုက်သော စကားလုံးများသည် ရိုင်းစိုင်းနေသည်၊ စော်ကားရာ ရောက်နေသည်ကိုပင် သတိမမူကြတော့ပေ။ အရှက်အကြောက်ကင်းမဲ့စွာ ဂါရဝတရား၊ နိဝါတတရား ကင်းမဲ့လှစွာ ပြောကြဆိုကြ ပြုမူနေထိုင်ကြသည်ကို တွေ့မြင်ရပါသည်။ မိမိတို့ထက် ကြီးသူဖြစ်စေ၊ ငယ်သူဖြစ်စေ လေသံမာမာ စကားလုံးခက်ထန်စွာ ပြောဆိုနေကြပါသည်။ မိမိတို့သုံးလိုက်သောစကားလုံးများသည် တစ်ဖက်ကလူကို စော်ကားရာရောက်နေသည်၊ ယဉ်ကျေးသိမ်မွေ့မှုမရှိ အလွန်အမင်း ရိုင်းပြနေသည်ကို သတိမမူကြတော့ပေ။ ဤသို့ပြောဆိုမှု ဤအမူအရာကို လုပ်ဆောင်မှ ခေတ်မီသည်ဟုပင် အထင်မှား၊ အမြင်မှား၊ အတွယူမှားနေကြပြန်ပါသည်။

ရဟန်းသံဃာတော်များ၊ အသက်အရွယ် ကြီးရင့်သူများ၊ မိဘဘိုးဘွား၊ ဆရာသမားများ၏ ရှေ့တွင် မည်သို့ နေထိုင်ရမည်၊ မည်သို့ ပြောဆိုရမည်ကို ယနေ့လူငယ်တို့ သိကြဟန်မတူပါ။ အတုမြင် အတတ်သင်၊ အမှားကို အမှန်ထင်၊ ဒုက္ခကို သုခဟုထင်၊ ကုသိုလ် အကုသိုလ် ခွဲခြားမမြင်၊ အတွေးအခေါ်များ အလွဲလွဲအမှားမှား ဖြစ်နေကြလေသည်။ မိမိတို့သုံးနှုန်းလိုက်သောစကားလုံးများသည် မိမိတို့ မိဘမျိုးရိုး၏ဂုဏ်၊ မိမိတို့ ဆရာသမား၏ဂုဏ်၊ မိမိတို့၏ အကျင့်သိက္ခာနှင့် စာရိတ္တကို ထင်ဟပ်နေသည်ကို သိစေချင်ပါသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် စကားပြောမချိုသူ၊ နှုတ်ထွက်ကြမ်းသူ၊ အမူအရာရမ်းကားသူတို့ကို အများသူငါ ရှောင်ရှားကြပေသည်။ မလွှဲမရှောင်သာ၍ တွေ့ဆုံနေရသည့်တိုင် စိတ်နှလုံးမှာ ကြည်သာရွှင်ပြမှုတော့ ရှိမည်မထင်ပါ။

နိဂုံးချုပ်ဆိုရသော် ယနေ့ကာလ လူ့ဌာနတွင် မြင်မြင်သမျှ လောကလူသား အများသူငါတို့သည် တစ်ဦးတစ်ယောက်တည်းနေထိုင်ရန် မဖြစ်နိုင်သောကြောင့် ပေါင်းသင်းဆက်ဆံကြရ ပြောဆိုကြရ နှီးနှောတိုင်ပင်ကြရ စုပေါင်းလုပ်ဆောင်ကြရမည် ဖြစ်ပေရာ "ချိုသောစကား၊ ပျူငှာသော သဘောထား၊ ယဉ်ကျေးလိမ္မာသော နှုတ်ထွက်စကား၊ မေတ္တာပါသောစကား၊ စေတနာမှန်သော စကားတို့ကို အသုံးပြုကြလျက် ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်ရွယ်သူများကို အလေးထားလျက် ပြောဆိုကြရန်'' အကြံပြုရေးသားလိုက်ရပေသည်။

> ရဟန်းသံဃာတော်များ၊ အသက်အရွယ် ကြီးရင့်သူများ၊ မိဘဘိုးဘွား၊ ဆရာသမားများ၏ ရှေ့တွင် မည်သို့ နေထိုင်ရမည်၊ မည်သို့ ပြောဆိုရမည်ကို ယနေ့လူငယ်တို့ သိကြဟန်မတူပါ။ အတုမြင် အတတ်သင်၊ အမှားကို အမှန်ထင်၊ ဒုက္ခကို သုခဟုထင်၊ ကုသိုလ် အကုသိုလ် ခွဲခြားမမြင်၊ အတွေးအခေါ်များ အလွဲလွဲအမှားမှား ဖြစ်နေကြလေသည်။ မိမိတို့သုံးနှုန်းလိုက်သောစကားလုံးများသည် မိမိတို့ မိဘမျိုးရိုး၏ဂုဏ်၊ မိမိတို့ ဆရာသမား၏ဂုဏ်၊ မိမိတို့၏ အကျင့်သိက္ခာနှင့် စာရိတ္တကို ထင်ဟပ်နေသည်ကို သိစေချင်ပါသည်။

## ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် ကျောက်ဆည်မြို့နယ်အတွင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးနှင့် ခြင်ကြောင့်ဖြစ်ပွားနိုင်သည့် ရောဂါများ မဖြစ်ပွားစေရေး အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၄ ရက် နံနက် ၇နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောက်ဆည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၃)၊ ဦးအောင်ထားရွှေနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးလင်းထွန်းတို့က လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ စုပေါင်း၍ ကျောင်းဝင်းအတွင်းရှိ ပလတ်စတစ်အိတ်ခွံများ၊ နွယ်မြက်သစ်ပင်များ၊ ချုံနွယ်များ၊ သစ်ကိုင်းအခြောက်များနှင့် အမှိုက်များအား စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ထွက်ရှိလာသောအမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဌာနပိုင်အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ရပ်မိ၊ ရပ်ဖများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များမှ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**
**(၄၈၅)**





## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၃ ရက် နံနက်၁၀နာရီက ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦးက မြို့နယ်သန်းခေါင်စာရင်းကော်မတီမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူ၍ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိပါက အချိန်နှင့် တစ်ပြေးညီ ဆွေးနွေးတင်ပြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်က မြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ အောက်တိုဘာ ၁ ရက်မှ ၁၅ရက်အထိ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၈ ခု၊ ကောက်ကွက်ပေါင်း ၃၇၇ ကွက်၌ စာရင်းစစ် ၃၃ ဦး၊ စာရင်းကောက် ၁၂၃ ဦးက Mobile Tablet များ အသုံးပြုပြီး တစ်အိမ်တက်ဆင်းစနစ်ဖြင့် စနစ်တကျစာရင်းကောက်ယူမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်း ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးက အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၅၆)**

## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မေထုန်မဲ့ သားစပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ပင်းတယ စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမဆောင်(၁)တွင် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နွားမေထုန်မဲ့ သားစပ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအာကာလင်းက အဖွင့်အမှာစကားများပြောကြားခဲ့ပြီး ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးဌာနမှူးဒေါက်တာကောင်းမြတ်ဟိန်းက နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြ၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါက်တာသန့်ဇော်ထွေးက ဓနုဒေသပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့၌ အဓိကစီးပွားရေးလုပ်ငန်းများအတွက် အကျိုးရှိစေသည့် နွားမွေးမြူရေးလုပ်ငန်းများ၌ မေထုန်မဲ့သားစပ်မွေးမြူပေးနိုင်မည့် သင်တန်းအား ဖွင့်လှစ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်နွားမေထုန်မဲ့သားစပ်သင်တန်းသို့ တက်ရောက်ကြမည့် မွေးမြူရေးလုပ်ငန်းရှင်များ ကိုယ်စား သင်တန်းသားဦးဇော်မင်းသူက ကျေးဇူးတင်စကားများ ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(အောက်ပုံ)**
**(၃၃၈)**

*- *- *- *- *



## မြို့သစ်မြို့နယ်ရှိ ပုလင်းဆည်၊ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံ ရေပိုလွှဲတို့မှ ဆက်လက်ရေကျော်ကျလျက်ရှိ

**မြို့သစ် စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် စက်တင်ဘာလဆန်းပိုင်းကစတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်တင်ဘာ၂၄ ရက် နံနက် ၉ နာရီ ဆည်ရေ တိုင်းထွာချက်အရ ပုလင်းဆည်၊စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံရေပိုလွှဲတို့မှ ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။



ပုလင်းဆည်ရေလှောင်တမံ၏ရေပြည့်အမှတ်သည် ၆၈၅ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၈၆ ဒသမ ၆၀ ပေ ရှိသည့်အတွက် ရေပိုလွှဲမှ ၁ ဒသမ ၆ ပေ စွန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၆၂၅ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၂၆ ဒသမ ၄၀ ပေ ရှိသည့်အတွက် ရေပိုလွှဲမှ ၁ ဒသမ ၄ ပေ၊ ဆဒ္ဒန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၅၆၀ ဒသမ ၅၀ ပေ ဖြစ်ပြီး လက်ရှိရေမှတ်မှာ ၅၆၁ ဒသမ ၂၀ပေ ရှိသည့်အတွက် ရေပိုလွှဲမှ သုည ဒသမ ခုနစ်ပေ ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း ပုလင်းဆည်၊ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင် တမံ ရေပိုလွှဲတို့မှ ရေကျော်ကျမှုရှိသော်လည်း ဆည်၏ ဆက်စပ်အဆောက်အအုံများမှာ ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်းနှင့် ဆည်အခြေအနေနှင့်ပတ်သက်၍ အချိန်နှင့် တစ်ပြေးညီသိရှိနိုင်စေရန် ဝန်ထမ်းများအား အလှည့်ကျရေကင်းတာဝန်ချထားကာ ဆည်အောက်ပိုင်းချောင်းတစ်လျှောက် ရှိကျေးရွာနေပြည်သူများဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ ဆည်အနီးနှင့်ပတ်ဝန်းကျင် ကျေးရွာများတွင် အရေးပေါ်အခြေအနေအဆင့်(၁)အဖြစ် အစိမ်းရောင်အလံများ လွှင့်ထူကာ အသိပေး နှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးအောင်ဇော်ထက်ထံက သိရသည်။

(ဝဲပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

*- *- *- *- *

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...

❖ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည် လူနှင့်တူ...

❖ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ...

❖ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်...

❖ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ် လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုရှားနိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုရှားနိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအသင်း (Russian Association for Friendship and Cooperation-RAFC) ၏ ဒုတိယဥက္ကဋ္ဌ Mr.Alexander OSTROVSKIY ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ နှစ်နိုင်ငံ ပူးပေါင်းစီစဉ်ရိုက်ကူးထုတ်လွှင့်ရေး၊ ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေး၊ ခရီးသွားကဏ္ဍ ပိုမိုမြှင့်တင်နိုင်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ဆက်သွယ်ဆက်ဆံမှု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

သတင်းစဉ်

# အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ (NAQAC)၏ အရည်အသွေးအာမခံမှု(QA)ဆိုင်ရာ ပထမအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ တက္ကသိုလ်များအနေဖြင့် သင်တန်းအဆင့် (Program Level)နှင့် တက္ကသိုလ်ကျောင်းအဆင့် (Institutional Level) နှစ်ခုစလုံးတွင် အာဆီယံတက္ကသိုလ်ကွန်ရက်၏ အရည်အသွေးအာမခံမှု (AUN-QA) စံနှုန်းသတ်မှတ်ချက်များနှင့် ပြည့်မီကိုက်ညီကြောင်း အသိအမှတ်ပြုမှု (Accreditation) ရရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၁၃) တွင် ကျင်းပသည့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ (NA-QAC)၏ အရည်အသွေးအာမခံမှု (QA)ဆိုင်ရာ ပထမအကြိမ် အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ပြောကြားသည်။



အစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာ မိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာန ကိုးခုမှ NAQAC ကော်မတီဝင်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ကျောင်းများက ပေးအပ်လိုက်သည့် ပညာရေးသည် အမှန်တကယ်တန်ဖိုးရှိသည့် ပညာရေးဖြစ်သည်ဟု အာမခံမှုရှိရန် လိုအပ်ပါကြောင်း၊ သင်တန်းအဆင့် (Program Level)တွင် သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီဖြစ်စေရေး၊ ခေတ်မီစေရေး၊ လေ့လာသင်ယူသူများ၏ လိုအပ်ချက်အပြင် ဈေးကွက်၏ လိုအပ်ချက်နှင့်ပါကိုက်ညီစေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ကျောင်းအဆင့် (Institutional Level) တွင် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ သင်ကြားသင်ယူမှုနှင့် ဖွဲ့စည်းပုံများအတွက် စံချိန်စံညွှန်းများ ပြည့်မီစေရေး ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံတက္ကသိုလ်များသည်လည်း အာဆီယံပညာရေးဆိုင်ရာ မူဘောင်တစ်ခုဖြစ်သော AUN-QA စံနှုန်းများနှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း၊ NAQAC အနေဖြင့် မြန်မာနိုင်ငံတက္ကသိုလ်များအတွက် ထိုက်တန်သော နိုင်ငံတကာအသိအမှတ်ပြုမှုများ ရရှိစေရန်နှင့် ကျောင်းသားဖလှယ်ရေးအစီအစဉ်များတွင် မြန်မာကျောင်းသား၊ ကျောင်းသူများ ပိုမိုပါဝင်လာနိုင်စေရန်၊ ပညာသင်ဆုများ ပိုမိုဆွတ်ခူးရရှိစေရန်၊ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော ကမ္ဘာ့ဈေးကွက်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ပံ့ပိုးကူညီပေးရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်များကလည်း AUN-QA စံသတ်မှတ်ချက်များနှင့် စံနှုန်းများပြည့်မီကြောင်း အသိအမှတ်ပြုမှု (Accreditation) ရရှိအောင် ဖြည့်ဆည်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က AUN-QA Guideline စာအုပ်ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာတွဲဖြင့် ပြုစုဖြန့်ဝေသွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ Guideline စာအုပ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတက္ကသိုလ်၏ အတွင်းအရည်အသွေးစစ်ဆေးရေးအဖွဲ့များနှင့် NAQAC ၏ ပြင်ပအရည်အသွေးစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးအကြံပြုချက်များအတိုင်း ပြင်ဆင်လိုက်နာဆောင်ရွက်ခြင်းဖြင့် AUN-QA အသိအမှတ်ပြုမှု လက်မှတ်ရရှိနိုင်ရေး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။ ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်